# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## လွန်စွာကပ်ငြိသည့်စိတ်

ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့ကို မရသေးသည်ကို တောင့်တ၊ ရပြီးသည်ကို တွယ်တာ၊ လွန်စွာကပ်ငြိသည့် စိတ်ရှိသောသူကို ကြီးစွာသော ရေအလျဉ်သည် အိပ်ပျော်နေသောရွာကို လွှမ်းမိုးတိုက်ယူသွားသကဲ့သို့ သေမင်းသည် သိမ်းယူ၍ သွားဧ။

ပုပ္ဖဝဂ်(ဓမ္မပဒ-၄၇)


၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် | ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၁၅၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ မီးပုံးပျံငယ်များ လွှတ်တင်ပူဇော်စဉ်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းအခမ်းအနားအား စည်ကားသိုက်မြိုက်စွာဖြင့် ဆက်လက်ကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၂၇

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်မှစတင်၍ ကျင်းပပြုလုပ်လျက်ရှိပြီး ယနေ့ တန်ဆောင်မုန်းလပြည့်နေ့ ညနေပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ဆက်လက်ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည့်ရှု အားပေးကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❍

# မီးလောင်ရာလေပင့်ခြင်း

ရှမ်းပြည်နယ်(အရှေ့မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်ရှိသည့် အချို့မြို့နယ်များတွင် တိုက်ပွဲများဖြစ်ပွားမှု၊ ဒေသတွင်း မတည်ငြိမ်မှုများကြောင့် ယာယီနေရပ်စွန့်ခွာကြရသူ၊ တိုက်ပွဲရှောင်ကြရသူများ အများအပြားရှိနေပြီး နီးစပ်ရာ မြို့နယ်များမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကူညီစောင့်ရှောက်မှုများ ပြုပေးနေကြရသည်။ တိမ်းရှောင်ကြရသူများတွင် သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများ၊ ကလေးငယ်များအပါအဝင် မိသားစုများ၊ ဒေသခံများသာမက ရေကြည်ရာမြက်နုရာ လာရောက်နေထိုင် လုပ်ကိုင်စားသောက်နေကြရသူများလည်း ပါဝင်ကြသည်။

ယာယီနေရပ်စွန့်ခွာ၍ တိုက်ပွဲရှောင်ကြရခြင်းမှာ ပြည်သူများနေထိုင်ရာ မြို့ရွာများအနီး သို့မဟုတ် မြို့တွင်းရွာတွင်းသို့ တိုက်ခိုက်မှုများ ရောက်ရှိလာခြင်းကြောင့်သာမက လက်နက်ကိုင်သောင်းကျန်းသူတို့က မြို့ရွာနေပြည်သူလူထုကို ခြိမ်းခြောက်မောင်းနှင်ထုတ်ကြခြင်းကြောင့်လည်း ဖြစ်သည်။ အချို့ဖြစ်စဉ်များတွင် တိုက်ပွဲရှောင် ပြည်သူလူထုအတွင်းသို့ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် သေဆုံးမှုများဖြစ်ပေါ်ခဲ့ရကြောင်း သတင်းများတွင် တွေ့ရသည်။ လမ်းတံတားများကို ဖျက်ဆီးဖြတ်တောက်ခြင်း၊ လျှပ်စစ်တာဝါတိုင်များကို ဖောက်ခွဲဖျက်ဆီးခြင်း စသည်တို့အပါအဝင် အကြမ်းဖက်အဖျက်လုပ်ရပ်များဖြင့် တစ်နိုင်ငံလုံးကို အလုံးစုံပျက်သုဉ်းရေး လုပ်ဆောင်လျက်ရှိရာတွင် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်တို့ပါ ခြိမ်းခြောက်နှောင့်ယှက်ဖျက်ဆီးခံကြရခြင်းဖြစ်သည်။ လက်ရှိမြန်မာနိုင်ငံ၏အခြေအနေမှာ လွတ်လပ်ရေးရပြီးကာလ ပြည်တွင်းရောင်စုံသောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ပြီးနောက် တွေ့ကြုံရသည့် ဒုတိယမြောက်အနေအထားဖြစ်သည်။ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ရှိကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အပေါ် စိုးရိမ်ကြောင့်ကြမှု ဖြစ်ပေါ်ရသည့်အချိန်လည်း ဖြစ်သည်။

ယင်းသို့သော အခြေအနေတွင် အမေရိကန်အစိုးရ ကျောထောက်နောက်ခံပြုသည့် USIP ၏ သုတေသနစာတမ်းများကို အမှီပြု၍ အနောက်အုပ်စုမီဒီယာများ၏ ဝါဒဖြန့်မှုများက မြန်မာနိုင်ငံအရေးကို မီးလောင်ရာလေပင့်နေခြင်းဖြစ်သည်။ လက်ရှိ မြန်မာနိုင်ငံ၏ ဖြစ်တည်မှုနှင့် တည်ငြိမ်မှုကို ထိန်းညှိပေးနိုင်သည့် တစ်ခုတည်းသော အင်စတီကျူးရှင်းမှာ မြန်မာ့တပ်မတော်သာဖြစ်ပြီး မြန်မာ့တပ်မတော် ပြိုကွဲသွားပါက တိုင်းပြည်အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားပြီး ဒေသအနှံ့အပြားတွင် စစ်နယ်ရှင်(Warlords) များ ကြီးစိုးကာ တစ်တော တစ်ကြက်ဖမင်းမူကြမည့်အခြေအနေ ဖြစ်ပေါ်လာမည်ဆိုသည့် အတွေးအခေါ်ကို ယင်းသို့ မဖြစ်နိုင်ကြောင်း စောဒကတက်ခြင်းဖြစ်သည်။ တိုင်းပြည်ပြိုကွဲပျက်စီးမည့်အရေးကို စိုးရိမ်သည့် ပြည်သူလူထုတစ်ရပ်လုံးကို လိုရာဆွဲထားသည့် သုံးသပ်ချက်များဖြင့် ဆင်ခြေပေးထားခြင်းလည်း ဖြစ်သည်။ မြန်မာ့တပ်မတော်ကို ဘုံရန်သူအဖြစ် ဦးတည်တိုက်ခိုက်နေသော လက်ရှိအခြေအနေ၌ပင် ဦးဆောင်သူများစွာ၊ ဗိုလ်များစွာ အကွဲကွဲအပြားပြား ဖြစ်နေသူတို့မှာ နိုင်ငံပြိုကွဲပါက စစ်ဘုရင်များ၊ ဓားပြဂိုဏ်းဆန်ဆန် အဖွဲ့အစည်းများ ဖြစ်မလာနိုင်ဟု ဝါဒဖြန့်ချိမှုများမှာ မြန်မာနိုင်ငံ၏ အခြေအနေကို ဆိုးသည်ထက်ဆိုးအောင် ပြုလုပ်ခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်းဖြစ်သည်။

မျက်မှောက်ကမ္ဘာတွင် နိုင်ငံ၏ ဖြစ်တည်မှုနှင့် တည်ငြိမ်မှုကို ထိန်းသိမ်းနိုင်စွမ်းကင်းမဲ့သွားပြီး ပြိုကွဲလဲပြိုနေသည့် နိုင်ငံတို့ရှိနေသည်ကို တွေ့နိုင်သည်။ မိမိတို့ နိုင်ငံကိုလည်း ယင်းနိုင်ငံများကဲ့သို့ ဖြစ်စေရန် ပြည်တွင်းပြည်ပ အဖျက်အင်အားစုများက အတွင်းအပြင် ပူးပေါင်း၍ လုပ်ကိုင်လျက်ရှိကြသည်။ ၎င်းတို့လိုလားသကဲ့သို့ နိုင်ငံလဲပြိုခဲ့လျှင် ဖြစ်ပေါ်လာမည့် ဆိုးရွားသည့် အခြေအနေများကို ရင်ဆိုင်ခံစားကြရမည့်သူများမှာ မိမိတို့ မြန်မာပြည်သူများပင် ဖြစ်သည်။ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးသည် မိမိတို့၏ လူမှုစီးပွားဘဝများ တည်ငြိမ်အေးချမ်းရေးနှင့် တစ်ဆက်တစ်စပ်တည်းပင်ဖြစ်ရာ အကြမ်းဖက်အဖျက်လုပ်ရပ်များကို ဆန့်ကျင်ခြင်း၊ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းရေးဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ခြင်းဖြင့် အမျိုးသားရေးတာဝန်များ ကျေပွန်ကြရပါမည့်အကြောင်း။ ။



## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်အား မသိုးရွှေကြာသင်္ကန်းဆက်ကပ်ပူဇော်

ရန်ကုန် နိုဝင်ဘာ ၂၇

ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် မသိုးရွှေကြာသင်္ကန်း ဆက်ကပ်ပူဇော်ပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက် ၄ နာရီခွဲက စေတီတော်ရင်ပြင်နှင့် နန်းဦးတန်ဆောင်း၌ ကျင်းပသည်။

ဦးစွာ ပြိုင်ပွဲတွင်ရက်လုပ်ပြီးစီးခဲ့သည့် မသိုးရွှေကြာသင်္ကန်းများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ စေတီတော်ဂေါပကအဖွဲ့များနှင့် အလှူရှင်များက အဖွဲ့လိုက်စေတီတော်ရင်ပြင်ပေါ်တွင် လှည့်လည်အပူဇော်ခံပြီး(အပေါ်ပုံ) ဆံတော်မြတ်ရတနာနှင့် ဘုရားဆင်းတုတော်အသီးသီးတွင် ဆက်ကပ်ပူဇော်ကြသည်။

ထို့နောက် နန်းဦးဘုရားကြီးတန်ဆောင်း၌ ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့အလှည့်ကျသဘာပတိ ဒေါက်တာတင်ထွန်းတို့က (၃၉) ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းရက်ခတ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသော စင်တော်များမှ ပြိုင်ပွဲဝင်များကို ငွေသားဆုနှင့် ဆုတံဆိပ်များအား ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ရွှေကြာသင်္ကန်း လှည့်လည်ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များက ရွှေကြာသင်္ကန်းတော်များကို အဖွဲ့လိုက် စေတီတော်ရင်ပြင်ပေါ်တွင် လှည့်လည်အပူဇော်ခံပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်မြတ်စွာဘုရားထံ ဆက်ကပ်ခဲ့ကြောင်းနှင့် အလှူရှင်များက စေတီတော်ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များ၌ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

## အောင်ပါစေ

❍ အမှောင်ကို ခွင်း၊ အလင်းကို ဆောင်
လ တန်ဆောင်တိုင်၊ မြိုင်မြိုင်ဆိုင်သို့
ဒို့နိုင်ငံကြီး၊ ရှေ့ခရီးသည်
ရန်မီးခပ်သိမ်း၊ ကင်းလွတ်ငြိမ်း၍
ငြိမ်းချမ်း သာယာ ပါစေသတည်း။

❍ တန်ဆောင်တိုင်ပွဲ၊ ဝှဲချီးနွဲကာ
ပျော်ပွဲရွှင်ပွဲ၊ ခြိမ့်ခြိမ့်သဲသို့
လှည်းနေ လေ့အောင်း၊ မြင်းဖောင်းမကျန်
ဝန်းရံပြည်သူ၊ အေးရိပ်ယူလျက်
များလူ အေးချမ်း ပါစေသတည်း။

❍ တန်ဆောင်တိုင်လ၊ လပြည့်ည ပမာ
ကြယ်ခစုံညီ၊ ပြည့်စုံသည်သို့
ပြည်သူစိတ်ဝမ်း၊ မညှိုးနွမ်းအောင်
ဆောင်မြန်းသမျှ၊ အစစသည်
ဓမ္မအစစ်၊ ကေန်ဖြစ်၍
စစ်မှန်နီစွေး၊ မျိုးချစ်သွေးဖြင့်
ပြည့်ရေးပြည့်ရာ၊ အဖြာဖြာကို
တာဝန်ထမ်းနေ၊ ပြည့်သားတွေလျှင်
အောင်စေအမှု၊ အောင်မြေထုဝယ်
အောင်ဆုပိုင်ပိုင် နိုင်စေသတည်း။ ။

မျိုးမြတ်မြတ်မြင့်မောင်

## သံဖြူဇရပ်မြို့နယ်၌ တန်ဆောင်မုန်းလပြည့်နေ့စည်ကား

သံဖြူဇရပ်

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့၌ တန်ဆောင်မုန်းလပြည့်နေ့ နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းမှစတင်၍ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

တန်ဆောင်တိုင်ပွဲတော်ကာလ ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များဖြစ်၍ ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၌ အနယ်နယ်အရပ်ရပ်ရှိ ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိပြီး ပြည်သူများ စိတ်အေးချမ်းစွာ ဖူးမြော်နိုင်ရေးကိုလည်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်ဂေါပကအဖွဲ့က စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါ ဘုရားဖူးပြည်သူများအနေဖြင့် ဘုရားဖူးပြီးအပြန် သံဖြူဇရပ်မြို့နယ်၏ အထင်ကရ အပန်းဖြေစခန်းတစ်ခုဖြစ်သည့် စက်စဲကမ်းခြေတွင် အပန်းဖြေရေကစားကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြဝတီမြို့ ကျက်သရေဆောင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၌ မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်

မြဝတီ နိုဝင်ဘာ ၂၇

ကရင်ပြည်နယ် မြဝတီမြို့၏ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ရွှေမြင်းဝန် စေတီတော်မြတ်ကြီးအား နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)၌ မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်း ပူဇော်ပွဲကို ယနေ့နံနက် ၅ နာရီခွဲတွင် အဆိုပါ စေတီတော်မြတ်ကြီး ဓမ္မဗိမာန်တော်အတွင်း ကျင်းပသည်။

ဦးစွာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မြဝတီမြို့ မြသုခ အမှတ်(၂၇၅) တပ်ဦးကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဒေါက်တာ ပညာနန္ဒနှင့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များထံမှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဒုတိယ ဗိုလ်မှူးကြီး နိုင်ဝင်း၊ အဖွဲ့ဝင်(၂) ဦးစိန်သောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော် ဒေါက်တာ ပညာနန္ဒက တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့) ဖြစ်ပေါ်လာပုံနှင့် မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းရခြင်း အကျိုးတရားကို မြွက်ကြားတော်မူသည်။ ဆက်လက်၍



စေတီတော်မြတ်ကြီးအား ရည်မှန်းကုသိုလ်ပြုကာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များနှင့် ဧည့်ပရိသတ်အပေါင်းတို့က မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပေးကြောင်း သိရသည်။

ဇာဖြူဝင်း(ပြန်/ဆက်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်စဉ်။

## မီးပုံးပျံများ လွှတ်တင်မှုကို ကြည့်ရှု

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ အခမ်းအနား တက်ရောက်လာကြသူများ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မီးရှူးမီးပန်းများဖြင့် ပစ်ဖောက်ပူဇော်မှုများနှင့် မီးပုံးပျံများ လွှတ်တင်မှုကို ကြည့်ရှုစဉ်။**

❍ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘုရားဖူးလာရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

### မီးပုံးပျံများ လွှတ်တင်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မီးရှူးမီးပန်းများဖြင့် ပစ်ဖောက်ပူဇော်မှုများနှင့် မီးပုံးပျံများ လွှတ်တင်မှုကို ကြည့်ရှုကြသည်။ မီးရှူးမီးပန်းများ ပစ်ဖောက်ပူဇော်ချိန်နှင့် မီးပုံးပျံများ လွှတ်တင်ချိန်၌ မီးပုံးပျံငယ်များကိုလည်း တစ်ချိန်တည်းလွှတ်တင်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကာ ရင်ပြင်တော်ကြီးပေါ်၌ လှည့်လည်ဖူးမြော်ကြည်ညို၍ တက်ရောက်လာကြသူများနှင့်အတူ ဆီမီး ၉၀၀၀ ကို အတူတကွ ထွန်းညှိပူဇော်ပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ကြသူများနှင့် ဘုရားဖူးလာရဟန်းရှင်လူပြည်သူများအား ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ဆက်ကြသည်။





*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ကြီးပေါ်၌ တက်ရောက်လာကြသူများနှင့်အတူ ဆီမီး ၉၀၀၀ ကို အတူတကွ ထွန်းညှိပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ရာတွင် ပါဝင်ခဲ့သည့် ရက်ကန်းအဖွဲ့ ကိုးဖွဲ့ကို ချီးမြှင့်ငွေများ ပေးအပ်စဉ်။

*စာမျက်နှာ ၃ မှ*

### ရက်ကန်းအဖွဲ့ကိုးဖွဲ့ကို ချီးမြှင့်ငွေများပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ရာတွင် ပါဝင်ခဲ့သည့် ရက်ကန်းအဖွဲ့ ကိုးဖွဲ့ကို ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

### ကြည့်ရှုအားပေး

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မီးရှူးမီးပန်းများဖြင့် ပစ်ဖောက်ပူဇော်ခြင်း၊ ညမီးကြီးမီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများ လွှတ်တင်မှုများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။

### မီးပုံးပျံငယ်များ လွှတ်တင်ပူဇော်

မီးပုံးပျံများ လွှတ်တင်မှုအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် မီးပုံးပျံငယ်များ လွှတ်တင်ပူဇော်ခဲ့ကြသည်။

### လာရောက်ဖူးမြော်ကြည်ညို

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပွဲတော်ကာလအတွင်းဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များမှ ဝတ်ရွတ်စဉ်များဖြင့်ပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ ပထမအကြိမ် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်းနှင့် အလှညမီးကြီး မီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများကို ခမ်းနားထည်ဝါစွာ လှပစွာဖြင့် လွှတ်တင်ပူဇော်ခြင်းများကို ဆောင်ရွက်ခဲ့သည့်အပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်ခန်းများ၊ ဒေသထွက်မြန်မာ့ရိုးရာ မုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းများနှင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး မြဝတီတေးဂီတအဖွဲ့တို့မှ အနုပညာရှင်များနှင့် ပြင်ပအနုပညာရှင်များက ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ဆောင်ရွက်ခဲ့ပြီး ရဟန်းရှင်လူ ဘုရားဖူးပြည်သူများ စည်ကားသိုက်မြိုက်စွာဖြင့် လာရောက်ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ကြသူများနှင့် ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်စဉ်။

# တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာဖူးမြော်ကြည်ညို၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်များ အနက် တစ်ရက်ဖြစ်သည့် တန်ဆောင်မုန်း လပြည့်နေ့ (သာမညဖလအခါ တော်နေ့) ဖြစ်သည်နှင့်အညီ တန်ဆောင်တိုင်ပွဲတော်၊ မီးထွန်း ပွဲတော်တို့ကို မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်း တစ်ရပ် အဖြစ် ထိန်းသိမ်းလက်ဆင့်ကမ်း ပြီး နှစ်စဉ်ကျင်းပပြုလုပ်ကြသည်။

### စိတ်အေးချမ်းသာစွာဖူးမြော်

အဆိုပါ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ် တရားတော်များ ရွတ်ပွားပူဇော် ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်လျာသင်္ကန်း ကပ်လှူခြင်း၊ ကထိန်ခင်းခြင်း၊ ဒါနသီလဘာဝနာ ကုသိုလ်ယူ ဆည်းပူးပွားများခြင်း စသည့်သူတော်ကောင်းတရားများ ကို ကြိုးစားအားထုတ်ဆောင်ရွက် ကြပြီး ဘုရား၊ စေတီ၊ ပုထိုးများ၌ လည်း စိတ်အေးချမ်းသာစွာ ဖူးမြော် ကြည်ညိုခြင်းများကို ပြုလုပ်ကြသည်။

### ပျော်ရွှင်ကြည်နူးစွာဆင်နွှဲ

ထိုသို့ မြန်မာ့ယဉ်ကျေးမှု ပွဲတော်ကို ထိန်းသိမ်းဆင်နွှဲလျက် ရှိကြရာ နေပြည်တော်ကောင်စီ နယ်မြေ ဇေယျာသီရိမြို့နယ် အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော် မြတ်ကြီးတွင်လည်း ယနေ့ညပိုင်း တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ် မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီး ချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ် မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်း သန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ် ကြီး မောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ဇနီးများက ဆီမီး များ၊ ရောင်စုံမီးအလှများဖြင့် ထွန်းညှိပူဇော်ခြင်း၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊ ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်ခြင်းများ ပြုလုပ် ခဲ့ကြပြီး တန်ဆောင်မုန်းလပြည့် နေ့ (သာမညဖလအခါတော်နေ့) တန်ဆောင်တိုင် မီးထွန်းပွဲတော် ကို ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ ကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့် ဇနီး ဒေါ်ကြူကြူလှ ရွှေဘုန်းပွင့်စေတီတော်မြတ် ကြီးအား ပန်း၊ ရေချမ်း ကပ်လှူပူဇော်စဉ်။

### သာယာလှပစွာပြုလုပ်ထား

အလားတူ တန်ဆောင်တိုင် မီးထွန်းပွဲတော် အထိမ်းအမှတ် အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်း၌လည်း လမ်း၊ အဆောက်အဦများ၊ ပန်း အလှသစ်ပင်များတွင် ရောင်စုံမီး အလှများဖြင့် မီးထွန်းပွဲတော်ကို သာယာလှပစွာ ပြုလုပ်ထားရှိပြီး ပျော်ပွဲရွှင်ပွဲများကိုလည်း ပြုလုပ် ထားရှိရာ ကာကွယ်ရေးဦးစီးချုပ် ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ က စိတ်နှလုံးအေးချမ်းစွာဖြင့် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ ကြသည်။

ထို့အတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ပုထိုးများ၌တန်ဆောင်တိုင် မီးထွန်းပွဲတော်များ၊ ရှင်ဥပဂုတ္တ မထေရ်မြတ်ပူဇော်ပွဲနှင့် မီးမျှော ပူဇော်ပွဲများကို ကျင်းပပြုလုပ်ကြ ရာ အများပြည်သူများ စိတ်အေး ချမ်းသာစွာ လာရောက်ထွန်းညှိ ပူဇော် ဖူးမြော်ကြည်ညိုကြပြီး နိဗ္ဗာန်ဈေးပွဲတော်များတွင်လည်း ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသူများ ဖြင့် စည်ကားသိုက်မြိုက်လျက် ရှိသည်။

### အထူးစည်ကားလျက်ရှိ

အလားတူ တန်ဆောင်တိုင် ရုံးပိတ်ရက် ကာလဖြစ်သည်နှင့် အညီ တိုင်းဒေသကြီးနှင့် ပြည်နယ် များရှိ အပန်းဖြေစခန်းများ၊ ကမ်းခြေများ၊ အများပြည်သူနှင့် သက်ဆိုင်သည့် ပန်းခြံများ၌ လာရောက် အပန်းဖြေကြသူများ နှင့် အထူးစည်ကားလျက် ရှိကာ တန်ဆောင်မုန်းလပြည့်နေ့ အခါ သမယကို အများပြည်သူများ အနေဖြင့် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိ သည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဇေယျာသီရိမြို့နယ်အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ဆီမီး ၁၀၀၀ ထွန်းညှိပူဇော်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၏ ဇနီး ဒေါ်သန်းသန်းနွယ် ဆီမီးထွန်းညှိပူဇော်စဉ်။



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော် အောင်မြင်စွာကျင်းပပြီးစီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲခဲ့ကြ



**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင် မီးထွန်းပွဲတော် နောက်ဆုံးနေ့ကို ယနေ့ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။

ယနေ့သည် တန်ဆောင်မုန်းလပြည့်နေ့နှင့် တန်ဆောင်တိုင် မီးထွန်းပွဲတော်ကြီး၏ နောက်ဆုံးရက်ဖြစ်သည်နှင့်အညီ ဘုရားမုခ်ဦးအပြင် ကားရပ်နားရာ နေရာများ၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးကားများ ပြည့်လျက်ရှိပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဘုရားအဝင်အထွက်လမ်းကြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးကာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း မီးထွန်းပွဲတော်ကြီး၌လည်း တပျော်တပါး ပါဝင်ဆင်နွှဲရန် ရောက်ရှိလာကြသည့် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို ကြည်နူးဖွယ်ရာတွေ့မြင်ရသည်။

ဘုရားမုခ်ဦးများ ရှေ့၌လည်း တန်ဆောင်တိုင် မီးထွန်းပွဲတော်လာ ဘုရားဖူးပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော် ပါဝင်ဆင်နွှဲနိုင်ရေးအတွက် တာဝန်ရှိသူများက လုံခြုံရေးအရလိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး ပွဲတော်အတွင်း ကုသိုလ်ပြု ဆီမီးထွန်းညှိနိုင်မည့်နေရာများ၊ မီးပုံးပျံလွှတ်တင်ပူဇော်မည့်နေရာများ၊ ဈေးပွဲတော်နေရာများနှင့် အခြားသွားရောက် လေ့လာနိုင်မည့်နေရာများကို အလွယ်တကူ သွားရောက်နိုင်ရေးအတွက် လမ်းညွှန်ပြသပေးကြသည်။

ထို့နောက် တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်း ရှင်လူ၊ ပြည်သူများသည် စိတ်အေးချမ်းသာစွာဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်အတွင်း ဆီမီးကပ်လှူပူဇော်ခြင်း၊ အသံမစဲပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြရာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း မြတ်စွာဘုရားရှင်၏ တရားဓမ္မသံများဖြင့် စိတ်ကြည်နူးဖွယ်ရာ ဖုံးလွှမ်းလျက်ရှိသည်။

မြတ်စွာဘုရားရှင်အား မီးပုံးပျံလွှတ်တင်၍ ပူဇော်မည့်နေရာအသီးသီး၌လည်း ဘုရားဖူးလာ ပြည်သူများက ကြိုတင်စောင့်ဆိုင်း ရောက်ရှိနေကြပြီး မီးပုံးပျံအောင်မြင်စွာ လွှတ်တင်နိုင်ရေးအတွက် တာဝန်ရှိသူများ ဆောင်ရွက်နေသည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကိုလည်း အထူးစိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

ထို့နောက် မီးပုံးပျံလွှတ်တင်၍ မြတ်စွာဘုရားရှင်အား ပူဇော်မည့် အချိန်ရောက်ရှိသည့်အခါတွင် ဘုရားဝင်းအတွင်း သတ်မှတ်နေရာများအလိုက် မီးရှူး၊ မီးပန်းများ ပစ်ဖောက်ခြင်း၊ မီးပုံးပျံအသေးများ၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများအား ကောင်းကင်ယံထက်သို့ အောင်မြင်စွာ လွှတ်တင်ပူဇော်ကြရာ ဘုရားဖူးလာပြည်သူများ၏ ကြည်နူးပီတိလက်ခုပ်သံများသည်လည်း နေပြည်တော် တန်ဆောင်မုန်းလ၏ ညအလှကို ပိုမိုပေါ်လွင်စေခဲ့သည့်အပြင် အဆိုပါမီးပုံးပျံလွှတ်တင်ပူဇော်မှုများကို နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် တိုက်ရိုက် (Live) ထုတ်လွှင့်ပြသခဲ့ရာ အကြောင်းအမျိုးမျိုးကြောင့် မလာရောက်နိုင်သည့် ပြည်သူများ ရုပ်မြင်သံကြားတို့မှတစ်ဆင့် ပူဇော်ခွင့်ရရှိခဲ့ကြသည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိသည့်အတွက် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများနှင့် အံ့မခန်း ဗိသုကာလက်ရာများကိုလည်း ဘုရားဖူးလာပြည်သူများအနေဖြင့် တစ်နှစ်တွင် တစ်ကြိမ်သာ ကြုံတွေ့ရမည့် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် ယှဉ်တွဲ၍ ဖူးမြော်ကြည်ညိုလေ့လာနိုင်ကြမည်ဖြစ်သည်။

ဆက်လက်၍ ကျောက်စာရုံစေတီတော်၊ မုစလိန္ဒကန်၊ နဂါးရုံဘုရားများ၊ ဂန္ဓကုဋီတိုက်များ၊ သုဓမ္မာဇရပ်များ၊ မာရဝိဇယကျောင်းတော်နှင့် အဂ္ဂါမိပတိ သာသနာ့ဗိမာန်တော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို လေ့လာကြသည့် ဘုရားဖူးလာပြည်သူများနှင့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေး နေရာများ၌လည်း မိသားစုအလိုက် သော်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့လိုက်သော် လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရ ဓာတ်ပုံရိုက်ကြသည့် ဘုရားဖူးလာ ပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

ထို့အတူ ပွဲတော်လာ ပြည်သူများအတွက် ဖျော်ဖြေရေးအစီအစဉ်ကောင်းများအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး မြဝတီတေးဂီတအဖွဲ့တို့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များကလည်း တေးသီချင်းကောင်းများဖြင့် သီဆိုဖျော်ဖြေကြရာ လာရောက်အားပေး နားဆင်ကြသည့် တေးချစ်သူများဖြင့်လည်း ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

အလားတူ ဘုရားဖူးလာပြည်သူများ ဒေသထွက်လက်ဆောင်အဖြစ် ဝယ်ယူနိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ဘုရားဖူးပြည်သူများ စိတ်ဝင်တစားဖြင့် ကြိတ်ကြိတ်တိုးဝယ်ယူလျက်ရှိကြသည့်အပြင် ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်များ၌လည်း မြန်မာမုန့်များအား နှစ်သက်စွာဖြင့် ဝယ်ယူအားပေးကြသူများကိုလည်း တွေ့မြင်ရသည်။

ထို့ပြင် ဘုရားဖူးလာ ကလေးငယ်များအတွက်လည်း ကလေးကစားကွင်းထားရှိပေးထားရာ ကစားနည်းများအလိုက် စိတ်ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကစားနေကြသည့် ကလေးငယ်များဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

တန်ဆောင်တိုင် မီးထွန်းပွဲတော်လာ ပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကို ဆင်နွှဲနိုင်ရေးအတွက်လည်း တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့က ဘုရားပရိဝုဏ်အတွင်း စနစ်တကျ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည့်အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေးကိစ္စ တစ်စုံတစ်ရာဖြစ်ပေါ်လာပါက အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှု ဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါ တန်ဆောင်တိုင်မီးထွန်းပွဲတော်အား နိုဝင်ဘာ ၂၅ ရက်မှ ယနေ့အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအနေဖြင့်လည်း ပွဲတော်ကြီးအား စိတ်အားထက်သန်စွာ တစ်ခဲနက်ပါဝင်ဆင်နွှဲခဲ့ကြသည့် အတွက်လည်း အထူးစည်ကားများပြားခဲ့ကာ တန်ဆောင်တိုင်ည၏အလှနှင့် ရသကို အပြည့်အဝခံစားနိုင်ခဲ့ကြောင်း သိရှိရသည်။

**မျိုးဆက်သစ်၊ ဓာတ်ပုံ-ထိန်အေး**



# လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ညဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်နေ့အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်နိုင်ခဲ့ရာတွင် ပါဝင်ခဲ့ကြသော အောက်ဖော်ပြပါ အဖွဲ့အစည်းအသီးသီးအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည် -

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
၂။ ပြန်ကြားရေးဝန်ကြီးဌာန
၃။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန
၄။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
၅။ ကျန်းမာရေးဝန်ကြီးဌာန
၆။ ဆောက်လုပ်ရေးဝန်ကြီးဌာန
၇။ နေပြည်တော်ကောင်စီ/စည်ပင်
၈။ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ်ရုံး
၉။ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး
၁၀။ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
၁၁။ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး
၁၂။ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံး
၁၃။ ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး
၁၄။ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး
၁၅။ နေပြည်တော်တိုင်းစစ်ဌာနချုပ်
၁၆။ မြန်မာစီးပွားရေးကော်ပိုရေးရှင်း
၁၇။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး(ဂေါပကရုံးအဖွဲ့)
၁၈။ မီးသတ်ဦးစီးဌာန
၁၉။ ကြက်ခြေနီအသင်း
၂၀။ မြန်မာနိုင်ငံရဲတပ်ဖွဲ့
၂၁။ မီးပုံးပျံအဖွဲ့ (တောင်ကြီး)
၂၂။ ရွှေတိဂုံရက်ကန်းအဖွဲ့
၂၃။ အင်းဝဘဏ်
၂၄။ ဝန်ကြီးဌာနအသီးသီးမှ ဝတ်အသင်းအဖွဲ့များ
၂၅။ နေပြည်တော်ကောင်စီမှ ဝတ်အသင်းအဖွဲ့များ
၂၆။ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ ဝတ်အသင်းအဖွဲ့များ
၂၇။ ပြန်ကြားရေးဝန်ကြီးဌာနမှ အနုပညာရှင်များ
၂၈။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များ
၂၉။ မြဝတီရုပ်မြင်သံကြားမှ အနုပညာရှင်များ
၃၀။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များ
၃၁။ ကာကွယ်ရေးဦးစီးချုပ်ရုံး (စခန်းရုံး) ဝတ်အသင်း

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော် တန်ဆောင်တိုင်ပွဲတော် ဖြစ်မြောက်ရေးကော်မတီ**

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ် မသိုးရွှေကြာသင်္ကန်းတော်ဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပထမအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက် အရုဏ်တက် မင်္ဂလာအချိန်တွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် တာဝန်ရှိသူများက မသိုးရွှေကြာသင်္ကန်းတော်ကို ဆက်ကပ်လှူဒါန်းကြသည်။





အဆိုပါ မဟာမင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဝတ်အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားရှိခိုး၍ ဖွင့်လှစ်ကြပြီး "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" အစချီသည့် အရိယာသာဝိတ္ထိ ဂါထာတော်ကို သံပြိုင်ညီညာ သုံးကြိမ် ရွတ်ဆိုပူဇော်ကြသည်။ ထို့နောက် တက်ရောက်လာကြသူများက မသိုးရွှေကြာသင်္ကန်းတော်ကိုးထည်ကို ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံ၍ ရေပန်းရင်ပြင်တော်မှ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ပေါ်သို့ ပင့်ဆောင်သည်။ ယင်းနောက် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ကာ ဆက်ကပ်ပူဇော်မည့်နေရာသို့ ပင့်ဆောင်ကြသည်။ ထိုသို့ ပင့်ဆောင်နေချိန်၌ ဝတ်အသင်းအဖွဲ့များက ဘုရားဂုဏ်တော် ကိုးပါးပါဠိကို ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် မသိုးရွှေကြာသင်္ကန်းတော် ကိုးထည်ကို လေးခေါက်ခေါက်ခြင်း၊ ထပ်၍ စုစည်းခြင်းများကို ဆောင်ရွက်ကြပြီးနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က မသိုးရွှေကြာသင်္ကန်းတော် ကိုးထည်ကို ဆက်ကပ်လှူဒါန်းပြီး **(အပေါ်ပုံ)** ဥပါသကာများက မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး၏ လက်တော်ပေါ်သို့ ဆက်လက်ဆက်ကပ်ပူဇော်သည်။ ထိုသို့ ဆက်ကပ် ပူဇော်နေချိန်တွင် အခမ်းအနားမှူးက မသိုးရွှေကြာသင်္ကန်း ကပ်လှူပူဇော်ခြင်း မင်္ဂလာစာတမ်းကို ရွတ်ဖတ်ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောနှင့် တက်ရောက်လာကြသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကာ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်များနှင့် ၃၁ ဘုံသားတို့အား မေတ္တာပြု၍ ကုသိုလ်အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းခဲ့ကြသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ၏ ထုံးတမ်းစဉ်လာတွင် မသိုးသင်္ကန်းရက်လုပ် ဆက်ကပ်လှူဒါန်းခြင်းများကို တန်ဆောင်မုန်းလ အခါသမယတွင် ကျင်းပပြုလုပ်လေ့ရှိပြီး လပြည့်နေ့မတိုင်မီ အဖိတ်နေ့ညနေပိုင်းတွင် သင်္ကန်းတော်များကို စတင်ရက်လုပ်၍ လပြည့်နေ့ အရုဏ်မတက်မီ အပြီးချုပ်လုပ်ကာ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ကပ်လှူ ပူဇော်ကြခြင်းဖြစ်ကြောင်း၊ မသိုးသင်္ကန်းရက်လုပ် ဆက်ကပ် လှူဒါန်းခြင်းများကို နှစ်စဉ် အမြို့မြို့အနယ်နယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်လေ့ရှိကြပြီး ယခုနှစ်တွင် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓ ရုပ်ပွားတော်မြတ်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်တော်မူသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နှင့်ဇနီး ဒေါ်ကြူကြူလှ မိသားစုအမှူးပြုသည့် ခုနစ်ရက်သားသမီးများက ပထမဦးဆုံးအကြိမ် ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ တန်ဆောင်မုန်းလပြည့်နေ့ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားသည်ကို တွေ့ရစဉ်။



မဟာဆုတောင်းပြည့်ဘုရားကြီးအား ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ရွှေကြာသင်္ကန်း ကပ်လှူပူဇော်စဉ်။

# တန်ဆောင်မုန်းလပြည့်နေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကား

**နေပြည်တော် နိုဝင်ဘာ ၂၇**

တန်ဆောင်မုန်းလပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သကဲ့သို့ မြန်မာ့ယဉ်ကျေးမှုဓလေ့နှင့် မြန်မာတို့၏စိတ်ရင်းကို ဖော်ညွှန်းပြသနေသည့် မြန်မာ့ ၁၂ လ ရာသီပွဲတော်များအနက် တန်ဆောင်မုန်းပွဲတော်သည် မြန်မာတို့၏ အလှူသဒ္ဓါတရားထက်သန်မှု၊ ဘာသာတရား ကိုင်းရှိုင်းမှုတို့ကို အထင်အရှား မြင်တွေ့ရသည့် ပွဲတော်တစ်ခုဖြစ်သည်။

**ကုသိုလ်ဒါနသီလပွားများ**

ယနေ့ ကျရောက်သည့် ၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့) တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများတွင် ဘုရားဖူးလာရောက်ကြသူများ၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ကြသူများ၊ ဥပုသ်သီလဆောက်တည်ကြသူများ၊ ကထိန်လျာသင်္ကန်းကပ်လှူကြသူများ၊ ကုသိုလ်ဒါနသီလပွားများကြသူများဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၅) ကြိမ်မြောက် တန်ဆောင်တိုင် ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားကို အဆိုပါစေတီလိုဏ်တော်အတွင်း၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက စေတီတော် လိုဏ်တော်အတွင်းရှိဗုဒ္ဓပဋိမာရုပ်ပွားဆင်းတုတော်များနှင့် စေတီတော်အရှေ့မြောက်ထောင့်ရှိ မဟာဆုတောင်းပြည့်ဘုရားကြီးအား တန်ဆောင်တိုင်ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပြီး ရုပ်ပွားတော်များအား မြသပိတ်တော်ဖြင့် ဆွမ်း၊ သစ်သီး၊ ပန်းမန်နှင့် သောက်တော်ရေချမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ပရိတ်တရားတော်များကိုနာယူ**

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နေပြည်တော်၊ လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက် ပဓာနနာယက၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပဏ္ဍိတထံမှ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တာဝန်ရှိသူများနှင့် ညှို့ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။

ယင်းနောက် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက်ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

**ဆွမ်းဆန်စိမ်းလောင်းလှူ**

နေပြည်တော်ကောင်စီ နယ်မြေအတွင်းရှိ ဗုဒ္ဓဂယာ (နေပြည်တော်)၊ မဟာသကျရံသီ ရုပ်တော်မူရုပ်ရှင်တော်မြတ်ကြီး၊ ရန်အောင်မြင်ရွှေလက်လှစေတီတော်၊ ရန်အောင်ချမ်းသာဘုရား၊ ဓာတုဇယဓာတ်ပေါင်းစု စေတီတော်၊ ထာဝရငြိမ်းချမ်းရေးစေတီ၊ လှေခွင်းတောင်တန်ခိုးကြီးဘုရား၊ ကိုးနဝင်းစေတီတော်၊ ဆုတောင်းပြည့် လောကမာရဇိန်စေတီ၊ သံသရာငြိမ်းအေးစေတီတော်၊ ဘုရားကိုးဆူ ကိုးခန်းကြီးဘုရား၊ လောကရန်နှိမ်စေတီ၊ ဖောင်တော်ချက်မစေတီ၊ လက်လုပ်တောင်စေတီ၊ မြို့ပေါ်ရပ်ကွက်များရှိ စေတီပုထိုးများနှင့် ကျောင်းကန်ဇရပ်များတွင် ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများသည် တရားဘာဝနာပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ တရားသဘင်များကျင်းပခြင်း၊ ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ စတုဒိသာ ကျွေးမွေးလှူဒါန်းခြင်းများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်ရှိ ရတနာဆင်ဖြူတော်အဆောင်တွင် ဆင်စာကျွေးကြသူများ၊ နိဗ္ဗာန်ကုန်ဆိုင်များနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များတွင်လည်း ဈေးဝယ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

**အပန်းဖြေကြသူများဖြင့်စည်ကား**

ထို့အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ လမ်းများ၌ မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် စုပေါင်းမဟာဘုံကထိန်များ လှည့်လည်ခြင်း၊ စတုဒိသာများကျွေးမွေးခြင်း၊ နိဗ္ဗာန်ဈေးပွဲတော်များကျင်းပခြင်း၊ Ocean Super Center၊ Juction Center၊ Naypyitaw Wholesale တို့တွင် ဈေးလာဝယ်ကြသူများ၊ အမျိုးသား အထိမ်းအမှတ်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ လှေခွင်းတောင်အပန်းဖြေစခန်းနှင့် မင်္ဂလာကန်တော်တွင် အပန်းဖြေ လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် နေပြည်တော်ရေပန်းဥယျာဉ်အတွင်း ကျင်းပလျက်ရှိသည့် တန်ဆောင်တိုင်ဈေးရောင်းပွဲတော်အတွင်း ဖျော်ဖြေရေးအစီအစဉ်များအဖြစ် နိုင်ငံကျော်တေးသံရှင်များက DJ, Music Band များနှင့်အတူ ပရိသတ်အကြိုက်တေးသီချင်းများဖြင့် ဖျော်ဖြေကြရာ လာရောက်လည်ပတ်ကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်။

**ပုံသကူလိုက်လံကောက်ကြ**

ညပိုင်းတွင်လည်း ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး စေတီတော်ရင်ပြင်တွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲ ကျင်းပရာ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည့်အပြင် မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့် နေအိမ်များ၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးနှင့် မီးရောင်စုံထွန်းညှိပူဇော်ကြသူများ၊ မဲဇလီဖူးသုပ်ဒါနပြုကြသူများ၊ ပုံ့သကူလိုက်လံကောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

တန်ဆောင်မုန်း လပြည့်နေ့တွင် ဘုရားဖူးလာရောက်ကြသည့် ပြည်သူများကို ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် ဆောင်ရွက်ပေးခြင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း စိတ်အေးချမ်းစွာ ကုသိုလ်ပြုနိုင်ရန် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိကိုလည်း တွေ့ရသည်။

သတင်း – လုလင်ငယ်

ဓာတ်ပုံ – ပြည့်စုံ



မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ် မြသိန်းတန်စေတီတော်မြတ်ကြီး၌ တန်ဆောင်တိုင်အခါသမယတွင် ဘုရားဖူးလာပြည်သူများအား မြို့လုံးကျွတ်စတုဒိသာအဖြစ် ကြာဆံဟင်းကုသိုလ်ပြုခြင်းနှင့် ဒေသခံအမျိုးသား၊ အမျိုးသမီးငယ်များ၏ တေးသီချင်းကပြဖျော်ဖြေမှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

ဝင်းအိမွန်(ပြန်/ဆက်)

## ပေါင်မြို့နယ်၌ တန်ဆောင်မုန်းလပြည့်နေ့တွင် စတုဒိသာကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိ

**ပေါင် နိုဝင်ဘာ ၂၇**

၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၂၇ ရက်) တွင် မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်းရှိ စတုဒိသာကျွေးမွေးသူများ၊ အလှူဒါနပြုသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။



တန်ဆောင်မုန်းလပြည့်နေ့တွင် မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းဆက်ကပ်လှူဒါန်းပူဇော်ခြင်း၊ အလှူဒါနပြုခြင်း၊ ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်း၌ စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်း၊ ကျိုက်ပေါင်း ဆံတော်ရှင်တွင် မြို့ပေါ်ရပ်ကွက်အတွင်းရှိ ယောဂီအဖွဲ့ ၁၇ ဖွဲ့က ဓမ္မစကြာတရားတော်ကို အလှည့်ကျရွတ်ဖတ်ပူဇော်ကာ ဘုရားဖူးသူများဖြင့် စည်ကားလျက်ရှိသည်။ ညနေပိုင်း၌ ပေါင်မြို့နယ် ထန်းပင်ချောင်ကြီးကျေးရွာရှိ ဗောဓိတစ်ထောင်ဘုရား၊ကဒါရပ်ကွက်ရှိ ရွှေတိဂုံဖူးမြော်စေတီတော်၊ ဇင်းကျိုက်ရပ်ကွက်ရှိ မဟာကန်တော်ကြီးတို့တွင် စတုဒိသာကျွေးမွေးကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# တန်ဆောင်မုန်းလပြည့်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီများ၌ ကုသိုလ်ဒါန ပြုကြသူများဖြင့် စည်ကား



ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်များအား ကပ်လှူပူဇော်မည့် ကထိန်ရွှေကြာသင်္ကန်းတော်များကို ကိုင်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြစဉ်။

ရန်ကုန် နိုဝင်ဘာ ၂၇

**ယနေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့) ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

**ကပ်လှူပူဇော်**

ဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် တာဝန်ရှိသူများက ရွှေတိဂုံစေတီတော်ရင်ပြင် ညဦးခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးနှင့် အမွှေးနံ့သာများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဂေါပကရုံးဝန်ထမ်းများနှင့် ဘုရားဖူးလာပြည်သူများသည် ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းမှ စတင်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်များအား ကပ်လှူပူဇော်မည့် ကထိန်ရွှေကြာ သင်္ကန်းတော်များကို ကိုင်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင် ရုပ်ပွားတော်မြတ်အား ကထိန်ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များက အာရုံခံတန်ဆောင်း မုခ်လေးမုခ်ရှိ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမမြတ်စွာဘုရားတို့အား ကထိန်ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ရေစက်ချအခမ်းအနားကို ရွှေဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ သြဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ အဂ္ဂသာမိထံမှ ညှေ့ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သြဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ သြဝါဒါစရိယ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဒွိပိဋကဓရ ဝိနယဒီဃနိကာယပါဠိပါရဂူ ဘဒ္ဒန္တနာဂိတထံမှ အနုမောဒနာတရားနာယူပြီး ရေစက်သွန်းလောင်း အမျှပေးဝေကြကာ သြဝါဒါစရိယ ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့အတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏(၃၉) ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များက စေတီတော်ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ကထိန်ရွှေကြာသင်္ကန်းတော် ကပ်လှူပူဇော်ကြပြီး သြဝါဒါစရိယ ဆရာတော်ကြီးများထံမှ အနုမောဒနာတရား နာယူကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ကိုးပါးသီလခံယူ**

အလားတူ သင်္ဂါယနာသာသနာ့ သမိုင်းဝင်သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ကြီး၏ (၂၃) ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ခြင်း အောင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် ဂေါပကအဖွဲ့ဝင်များက ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ(ကျောက်မဲဆရာတော်) ဘဒ္ဒန္တစန္ဒနသာရထံမှ ကိုးပါးသီလခံယူဆောက်တည်ကြ၍ အန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် ဂေါပကအဖွဲ့ဝင်များသည် ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ကျောက်မဲဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**မေတ္တာပို့ဆုတောင်းကြ**

အလားတူ မဟာဝိဇယစေတီတော်၊ ဆူးလေစေတီတော်၊ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၊ မင်းဓမ္မကုန်းရှိ လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရွှေဘုန်းပွင့်စေတီတော်၊ သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင်စေတီတော်နှင့် ဆုတောင်းပြည့် မယ်လမုစေတီတော်တို့တွင်လည်း ယနေ့နံနက်ပိုင်းမှစတင်ပြီး စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့) အခမ်းအနားများကို ကျင်းပကြကာ သာမညဖလသုတ္တန်ဒေသနာတော်များကို ရွတ်ဖတ် မေတ္တာပို့ဆုတောင်းကြသည်။

တန်ဆောင်မုန်းလပြည့်(သာမညဖလအခါတော်နေ့)တွင် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိဘုရားစေတီများ၌ မသိုးရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ခြင်း၊ သာမညဖလအခါတော်နေ့ ပူဇော်ပွဲများ၊ ဗုဒ္ဓဒေသနာတော်ရွတ်ဆိုပူဇော်ပွဲများနှင့် ရပ်ကွက်အလိုက်၊ လမ်းအလိုက် စုပေါင်း၍ မဟာဘုံကထိန် အလှူပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

တန်ဆောင်မုန်းလပြည့်နေ့ မီးထွန်းပွဲတော်တွင်လည်း ရုံးများ၊ ပန်းခြံများ၊ ရပ်ကွက်၊ လမ်းနှင့် လူနေအိမ်များ၌ လျှပ်စစ်ရောင်စုံမီးအလှများ၊ ဆီမီးခွက်များ၊ ဖယောင်းတိုင်မီးများ ထွန်းညှိပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြပြီး လမ်းအလိုက် နိဗ္ဗာန်ဈေးပွဲတော်များကို စည်ကားစွာ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**သတင်း၊ ဓာတ်ပုံ-ကိုကိုဇော်**



တန်ဆောင်မုန်းလပြည့်နေ့၌ မဟာဝိဇယစေတီတော်၌ ဘုရားဖူးကုသိုလ်ပြုကြသူများဖြင့် စည်ကားစွာ တွေ့ရစဉ်။

## သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း၊ သက်ကြီးပူဇော်ပွဲအတွက် အလှူငွေပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၂၇**

သတင်းနှင့်စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း၊ ဆရာသမားများနှင့် အသက် ၈၀ နှင့်အထက် အသင်းဝင် ဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ပွဲအတွက် ကိုဇော်မျိုးထက်-မဝင့်ဝါထွန်းတို့က မင်္ဂလာဦးအလှူအဖြစ် အလှူငွေကျပ် တစ်သိန်း၊ ဦးစန်ငြိမ်းက ဒုတိယအကြိမ် အလှူငွေကျပ် ငါးသောင်း၊ ဦးဇော်နိုင်ဦး-ဒေါ်သန္တာအောင်၊ ဦးညွန့်ဝေ-ဒေါ်ခိုင်ခိုင်ညွန့်၊ ဦးထွန်းထွန်းနိုင်-ဒေါ်ခင်မြင့်နွယ်၊ ဦးဇော်ဝင်း-ဒေါ်ခင်မြင့်ဦးတို့က အလှူငွေကျပ်သုံးသောင်းစီ၊ ဦးကျော်ကျော်မြင့်-ဒေါ်ငြိမ်းငြိမ်းမြင့်၊ ဦးပြုံးချိုနှင့်တပည့်များ၊ ဦးထွန်းထွန်းလင်း-ဒေါ်ဇာဖြူနှင်း၊ ဦးကြည်လှိုင်၊ ဒေါ်တင်မာဝင်းတို့က အလှူငွေကျပ် နှစ်သောင်းစီ။

ဒေါ်ကြူကြူဝင်းက အလှူငွေကျပ် တစ်သောင်းငါးထောင်၊ ဦးမြသန်း၊ ဒေါ်ယဉ်ယဉ်လွင်၊ ဒေါ်မြကြည်ပြာစိုး၊ ဒေါ်ငြိမ်းငြိမ်းရွှင်၊ ဒေါ်ယဉ်ယဉ်လွင်တို့က ငွေကျပ် တစ်သောင်းစီ၊ ဒေါ်ချိုချိုအေး၊ ဒေါ်သန္တာအောင်၊ ဒေါ်ခင်လေးလွင်၊ ဒေါ်နှင်းမြရည်တို့က ငွေကျပ် ငါးထောင်စီ၊ ဦးအောင်ကျော်ဦး၊ ဒေါ်စုစုကြည်တို့က အလှူငွေကျပ် သုံးထောင်စီ စုစုပေါင်း အလှူငွေကျပ် ၄၉၁၀၀၀ ကို နိုဝင်ဘာ ၂၆ ရက်က လှူဒါန်းပေးအပ်ရာ အသင်း တွဲဖက်အတွင်းရေးမှူး ဦးအေးသန်းက လက်ခံရယူခဲ့ကြောင်း သိရသည်။

**အေးသန်း**

**(စိန်တုံးကြီး)**

# တန်ဆောင်မုန်းလပြည့်နေ့တွင် မန္တလေးမြို့အနှံ့ ကုသိုလ်ကောင်းမှုပြုကြသူများ၊ အပန်းဖြေအနားယူကြသူများဖြင့် စည်ကား



မန္တလေး နိုဝင်ဘာ ၂၇

**ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလ အခါတော်နေ့) ဖြစ်သည်နှင့် အညီ မန္တလေးမြို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ အပန်းဖြေစခန်းများ၌ လာရောက်အပန်းဖြေကြသူများဖြင့် မြို့အနှံ့ စည်ကားများပြားလျက်ရှိသည်။**

**ဆီမီးထွန်းညှိပူဇော်**

နံနက်အရုဏ်တက်ချိန်မှ စတင်၍ မန္တလေးမြို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၊ ဓမ္မာရုံများ၌ မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲများ ကျင်းပခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း၊ ကုသိုလ်ပြုခြင်းနှင့် ဆီမီးထွန်းညှိပူဇော်ခြင်းများကို အစဉ်အလာမပျက် ကျင်းပသည်။

ထိုသို့ကျင်းပလျက်ရှိရာ မန္တလေးမြို့ခံများအပြင် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများပါ လာရောက်ကုသိုလ်ပြု ပါဝင်ဆင်နွှဲကြပြီး အသင်းအဖွဲ့အလိုက်၊ မိသားစုအလိုက် ကထိန်ပွဲတော်များကို သက်ဆိုင်ရာကျောင်းများသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ခင်းကျင်း၍ ရေစက်ချလှူဒါန်းခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်း၊ စတုဒိသာကျွေးမွေး ကုသိုလ်ပြုခြင်းများဖြင့် မန္တလေးမြို့တစ်ခွင် စည်ကားခဲ့သည်။

**ဆက်ကပ်လှူဒါန်း**

မန္တလေးမြို့၏ အထင်ကရ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သည့် မဟာမုနိဘုရားကြီးအား ယနေ့နံနက်ပိုင်းတွင် ဆရာတော်၊ သံဃာတော်များ အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့မှ မျက်နှာသစ်တော်မူပြီး မသိုးမြတ်သင်္ကန်းတော် ဆက်ကပ်လှူဒါန်းကြသည်။ (ယာပုံ)

ထို့ပြင် ရဟန်းရှင်လူပြည်သူများကလည်း ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး ကပ်လှူပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များ၊ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ တရားဘာဝနာ အားထုတ်ကြခြင်းများဖြင့် စည်ကားခဲ့သည်။

**ကျွေးမွေးကုသိုလ်ပြု**

အလားတူ မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရား၊ ကုသိုလ်တော်ဘုရား၊ ကျောက်တော်ကြီးဘုရား၊ အောင်တော်မူမြတ်စွာဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဝေရောစန ကျောက်စိမ်းစေတီတော် စသည့် တန်ခိုးကြီးဘုရားစေတီတော်တို့တွင်လည်း ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်း၍ ဆီမီးပူဇော်ခြင်း၊ ဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်ခြင်းတို့ ဆောင်ရွက်ကြသည့်အပြင် အလှူရှင်များက အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအား စတုဒိသာ အာဟာရ ကျွေးမွေးကုသိုလ်ပြုကြခြင်းဖြင့် မြန်မာတို့၏ သဒ္ဓါတရားထက်သန်မှု စိတ်ရင်းများကို ပုံဖော်ခဲ့ကြသည်။

ညပိုင်းတွင်လည်း ဘုရားစေတီများ၌ ဆီမီးပူဇော်ပွဲများ ကျင်းပခြင်း၊ မီးပုံးပျံများ လွှတ်တင်ခြင်း၊ နေအိမ်များ၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးနှင့် မီးရောင်စုံ ထွန်းညှိပူဇော်ခြင်းများဖြင့် မန္တလေးမြို့၏ တန်ဆောင်တိုင်လပြည့်ညအလှကို ပိုမိုပေါ်လွင်စေခဲ့ပြီး မဲဇလီဖူးသုပ်ဒါနပြုကြသူများ၊ ပွဲသကူ လိုက်လံကောက်ကြသူများဖြင့် စည်ကားခဲ့သည်။

ထို့ပြင် မန္တလေးမြို့၏ အထင်ကရနေရာများဖြစ်သော ကမ်းနားလမ်းရှိ မြို့တော်ဥယျာဉ်၊ ပုသိမ်ကြီးမြို့နယ်ရှိ အပန်းဖြေစခန်းများ၊ အမရပူရမြို့နယ်ရှိ တောင်သမန်အင်းနှင့် ဦးပိန်တံတားတို့တွင်လည်း လာရောက်အပန်းဖြေအနားယူကြသူများဖြင့် စည်ကားခဲ့သည်။

**မောင်အေးချမ်း**





# အမြို့မြို့၊ အနယ်နယ်ရှိ တန်ခိုးကြီးဘုရားများ၊ ကျောင်းကန်များ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

**တန်ဆောင်မုန်းလပြည့်နေ့အဖြစ် နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများသည် တန်ခိုးကြီးဘုရားများ၊ ကျောင်းကန်များ၌ စတုဒိသာကျွေးမွေးလှူဒါန်းသူများဖြင့် စည်ကားနေသည်ကို တွေ့ရသည်။**

## နတ်မောက်

တန်ဆောင်မုန်းလပြည့်နေ့တွင် ဗုဒ္ဓမြတ်စွာဘုရားအား ပူဇော်သည့် အနေဖြင့် နတ်မောက်မြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများ၊ ဘုရားကျောင်းကန်၊စေတီပုထိုးများ၌ ကုသိုလ်ပြုကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

နတ်မောက်မြို့၏ အထင်ကရတစ်ခုဖြစ်သော ဆုတောင်းပြည့်ဘုရားကြီး၌ တန်ဆောင်မုန်းလပြည့် နေ့ထူးနေ့မြတ်အချိန်အခါသမယဖြစ်သည့် ယနေ့နံနက်ပိုင်းတွင် ဒေသခံပြည်သူများအပါအဝင် ဘုရားဖူးလာသူများက ဆုတောင်းပြည့်ဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ၊ အမွှေးတိုင်များ ကပ်လှူပူဇော်ကြပြီး ဥပုသ်သီလဆောက်တည်ခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်းနှင့် ဘုရားဖူးလာပြည်သူများကလည်း ဘုရားရင်ပြင်တွင် သန့်ရှင်းရေးများ ပြုလုပ်ခဲ့ကြပြီး မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများတွင် ကုသိုလ်အလှူရှင်များဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ နတ်မောက်မြို့နယ်အတွင်းရှိ သမိုင်းဝင် ပင်းမြို့ဟောင်းရှင်အရဟံမဟာဗောဓိရွှေညောင်တော်၊ အောင်သပြေညီနောင်နှင့် ရွှေနတ်ကယ်တော်ပေါ်ကျောင်းတို့တွင်လည်း ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိသည်။ **လှဝင်း**

## ဖျာပုံ

ဖျာပုံမြို့နယ်၌ တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရား၊ ကျောင်းကန်၊ စေတီ၊ ပုထိုးများ၌ ဘုရားဖူးလာရောက်သူများ၊ ကုသိုလ်ဒါနပြုသူများ စတုဒိသာကျွေးခြင်း၊ နိဗ္ဗာန်ဈေးများ ပြုလုပ်ခြင်းတို့ဖြင့် စည်ကားခဲ့သည်။

ထို့အတူ မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများရှိ ဘုရား၊ စေတီများတွင် ဘုရားဖူးလာရောက်ကြသူများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ စတုဒိသာကျွေးမွေးခြင်း၊ နိဗ္ဗာန်ဈေးများ လှူဒါန်းခြင်း၊ တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)ကို ပြည်သူ များအေးချမ်းပျော်ရွှင်စွာ ဆင်နွှဲကြကြောင်း သိရသည်။ **အောင်ဝင်းနိုင် (ပြန်/ဆက်)**



## သထုံ

မွန်ပြည်နယ် သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံရွှေစာရံစေတီတော်မြတ်ကြီး၏ ၁၃၈၅ ခုနှစ် မြို့လုံးကျွတ်တန်ဆောင်တိုင် ဆွမ်းကြီးလောင်းပွဲတော်ကို နိုဝင်ဘာ ၂၇ ရက် (တန်ဆောင်မုန်းလပြည့်နေ့)နံနက်ပိုင်းက စေတီတော်မြတ်ကြီးရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

နံနက်အရုဏ်တက်ချိန်တွင် သထုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ ကြွရောက်တော်မူလာကြသည့် သံဃာတော်နှင့်သီလရှင်များအား စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ စီမံမှုဖြင့် အလှူရှင်အဖွဲ့များက ဆွမ်းဆက်ကပ်ကြသည်။

ဆွမ်းကြီးလောင်းပွဲတော်တွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးမင်းစိုးနှင့် တာဝန်ရှိသူများက ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ပင့်ဆောင်ကြကာ စေတီတော်မြတ်၏ နာယကဆရာတော်ကြီး ကိုးပါးဦးဆောင်သည့် သထုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းပေါင်း ၃၄၇ ကျောင်းနှင့် သီလရှင်ကျောင်း ၈၅ ကျောင်းတို့မှ သံဃာတော်နှင့် သီလရှင် စုစုပေါင်း ၁၁၈၉ ပါးတို့အား မြို့နယ်အတွင်းရှိ ပြည်သူများက ဆွမ်းဆန်စိမ်းနှင့် အခြားလှူဖွယ်များကို လောင်းလှူခြင်း၊ စာရေးတံမဲများ လှူဒါန်းခြင်းတို့ကို စည်ကားသိုက်မြိုက်စွာ ပြုလုပ်ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# စက္ကူပျော့ဖတ်၊ ကြိမ်၊ ဝါးနှင့် သစ်အခြေခံ MSME များ ယခုထက်ပို၍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဝန်ကြီးဌာနမှ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးမည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းရုံးများသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန အစည်းဝေးခန်းမတွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စက္ကူပျော့ဖတ်လုပ်ငန်းရှင်များ၊ ဝါးနှင့်ကြိမ် လုပ်ငန်းရှင်များ၊ ပရိဘောဂလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စက္ကူပျော့ဖတ်၊ ကြိမ်၊ ဝါးနှင့် သစ်အခြေခံ MSME များ ယခုထက်ပို၍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဝန်ကြီးဌာနမှ အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း သဘာဝတောများမှ နှစ်စဉ်ထုတ်လုပ်နိုင်သော ဝါးတောထွက် ၂၄ သန်းကျော်ရှိသည့်အတွက် စက္ကူပျော့ဖတ်လုပ်ငန်းရှင်များနှင့် ဝါးလုပ်ငန်းရှင်များအတွက် လိုအပ်သောကုန်ကြမ်းများ လုံလောက်စွာရရှိနိုင်ပြီး လိုအပ်ပါက ဝါးနှင့် ကြီးမြန်သစ်မျိုး စိုက်ခင်းများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကြိမ်၊ ဝါးနှင့် သစ်အခြေခံစက်မှုလုပ်ငန်းများသည် ပြည်တွင်း/ပြည်ပဝင်ငွေ ရှာဖွေရေးနှင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ အဆိုပါပုဂ္ဂလိကလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် နည်းပညာနှင့်လူ့စွမ်းအားအရင်းအမြစ် တိုးတက်စေရေး၊ ကုန်ကြမ်းရရှိရေးနှင့် ထုတ်လုပ်ပြီးသော ကုန်ချောများ တင်ပို့ရာတွင် အဆင်ပြေချောမွေ့မှုရှိစေရေးအတွက် ဌာနနှင့်လုပ်ငန်းရှင်များ ညှိနှိုင်းပေါင်းစပ်၍ Teamwork ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသော လုပ်ငန်းရှင်များက မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှု၊ ကုန်ကြမ်းရရှိမှုနှင့် ကုန်ချောထုတ်လုပ်မှု၊ ပြည်တွင်းပြည်ပဝယ်လိုအားနှင့် ဈေးကွက်အခြေအနေ၊ တွေ့ကြုံရသော အခက်အခဲများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ ဖြည့်စွက်ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးမြို့ရှိ ဦးဝင်းနိုင် ပန်းပုအလုပ်ရုံသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အတူ ပဲခူးမြို့ရှိ ဒေါ်စုစုယဉ် လက်မှုပညာအလုပ်ရုံသို့ ရောက်ရှိပြီး ကုန်ကြမ်းရရှိမှုနှင့် ကုန်ချောထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့နယ်ရှိ ရော်ဘာသစ်မှ ပရိဘောဂ အချောထည်များ ထုတ်လုပ်၍ ပြည်ပသို့တင်ပို့လျက်ရှိသည့် Sunforce Furniture စက်ရုံသို့ သွားရောက်၍ ကုန်ကြမ်းရရှိမှုနှင့် ပရိဘောဂကုန်ချောများ ထုတ်လုပ်နေမှု၊ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ် အေးသုခစက်မှုဇုန်ရှိ Sky Light တစ်ရှူးစက်ရုံ၌ Recycle Paper များကို ကုန်ကြမ်းအဖြစ် အသုံးပြု၍ တစ်ရှူးထုတ်လုပ်နေမှုနှင့် ပြည်တွင်းဈေးကွက်သို့ ဖြန့်ဖြူးနေမှု၊ အေးသုခစက်မှုဇုန်ရှိ Yangon Paper Product စက္ကူစက်ရုံ၌ Recycle Paper ကုန်ကြမ်းရရှိမှု၊ စက္ကူကတ်ထူလိပ်ကုန်ချောများ ထုတ်လုပ်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သိလိုသည်များ မေးမြန်းကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏(၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြို ဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ် မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး၊ ဦးစီးဌာနများ၊ တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ ဌာနတာဝန်ရှိသူများ၊ အသင်းအုပ်ချုပ်သူများနှင့် အားကစားသမားများ တက်ရောက်ကြသည်။



ရှေးဦးစွာ ဒုတိယဝန်ကြီးသည် စက်မှုလယ်ယာ ဦးစီးဌာနနှင့် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန အသင်းတို့၏ ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆုပေးပွဲ အခမ်းအနားကို ကျင်းပရာ ဒုတိယဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဆိုသည့် လူမှုရေးဦးတည်ချက်အတိုင်း ပြည်သူအားလုံး ကိုယ်လက်ခန္ဓာ ကျန်းမာဖွံ့ဖြိုးရန်အတွက် မြန်မာ့အားကစားကဏ္ဍ အရှိန်အဟုန်ဖြင့် မြှင့်တင်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကျောင်းပေါင်းစုံနှင့် ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများကို ကျင်းပပေးလျက်ရှိကြောင်း၊ အသင်းအဖွဲ့လိုက် ကစားရသည့် ကစားနည်းဖြစ်သောကြောင့် စည်းလုံးညီညွတ်စွာ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် နားလည်စိတ်၊ ပူးပေါင်း ဆောင်ရွက်လိုစိတ်များဖြင့် ပူးပေါင်းကစားမှသာ အောင်မြင်မည့်ရလဒ်ကို လက်တွေ့ခံစား ရရှိကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး တက္ကသိုလ် ပါမောက္ခချုပ်က ဒိုင်အဖွဲ့အတွက် အမှတ်တရ လက်ဆောင်များကို လည်းကောင်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ် က အကောင်းဆုံး အားကစားသမားဆုကိုလည်းကောင်း၊ မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တတိယဆုရအသင်းကို လည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဒုတိယဆုရအသင်းကိုလည်းကောင်း၊ ဒုတိယဝန်ကြီးက ပထမဆုရစက်မှုလယ်ယာဦးစီးဌာနအသင်းကိုလည်းကောင်းတစ်ဦးချင်း လည်ဆွဲဆု၊ ငွေသားဆုနှင့် ပထမဒိုင်းဆုများကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာမည်။

**မိုး/ဇလ**

## ပေါင်းတည်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် အင်းလည်မျိုးစပါးများ ထွက်ရှိ

**ပေါင်းတည် နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် အင်းလည်မျိုးစပါး စိုက်ပျိုးသည့် ရွှေသပြေစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ စိုက်ကေ ၅၀ အနက်မှ ကေ ၂၀ ၊ ရွှေသရက်စိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ စိုက်ကေ ၂၇ ကေအနက်မှ ၁၅ ကေနှင့် ရွှေညောင်ဖြူစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ စိုက်ကေ ၁၅ ကေတို့ကို ရိတ်သိမ်းပြီးဖြစ်ရာ တစ်ကေလျှင် ပျမ်းမျှစပါးတင်း ၇၀ ထွက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

# ဘုရားဖူးလာရဟန်းရှင်လူပြည်သူများ ထောင်သောင်းချီပြီး လာရောက်ဖူးမြော်တာမြင်ရတော့ ကျွန်တော်တို့အနေနဲ့ ပါဝင်အားဖြည့် ပူဇော်ရတာ ဝမ်းသာပီတိဖြစ်မိပါတယ်

**ဦးသန်းကျော် (စိန်နားပန်မီးပုံးပျံအဖွဲ့ခေါင်းဆောင်)**

**ပြည်ထောင်စုနယ်မြေ နေပြည်တော်ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးပရိဝုဏ်၌ နိုဝင်ဘာ ၂၅ ရက် ညနေပိုင်းမှစတင်၍ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ယနေ့ တန်ဆောင်မုန်းလပြည့်နေ့တွင်လည်း အထူးစည်ကားလျက်ရှိသည်။**


ဒေါ်အေးအေးသန့်


ဦးအောင်မြင့်


ကိုမြင့်ခိုင်


ဦးသန်းကျော်


မောင်မျိုးကို


မနန်းလုံးကြည်


မောင်ကျော်စိုးဦး ၊ မအိမွန်ခိုင်

အဆိုပါပွဲတော်တွင် ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များ ရွတ်ဆိုခြင်း၊ မီးရှူးမီးပန်းများပစ်လွှတ်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ခြင်း၊ နာမည်ကျော်တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ ဖွင့်လှစ်၍လည်း ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်း စသည့်အစီအစဉ်ကောင်းများဖြင့် ကျင်းပပေးလျက်ရှိရာ ပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ယူလာရောက်ဆင်နွှဲကြသည့် ဘုရားဖူးလာပြည်သူများ၏ဝမ်းသာပီတိစကားသံများကို မေးမြန်းရေးသားဖော်ပြလိုက်ပါသည်။

**ဒေါ်အေးအေးသန့် (နေပြည်တော်)**

မာရဝိဇယဘုရားကြီးကို ဒီအကြိမ်ရောအပါအဝင်ဆိုရင် ခြောက်ကြိမ်မြောက်ရှိပါပြီ။ နိုဝင်ဘာ ၂၅၊ ၂၆ ရက်တွေက ရုပ်မြင်သံကြားသတင်းတွေကနေ ဖူးမြော်ပါတယ်။ ဓမ္မစကြာဝတ်ရွတ်အသင်းတွေ ဝတ်ရွတ်နေကြတာတွေ၊ မသိုးသင်္ကန်း ရက်လုပ်ပူဇော်တာတွေ၊ စိန်နားပန် မီးပုံးပျံကြီးတွေလွှတ်တင်တာတွေကို ရုပ်မြင်သံကြားမှာ ဖူးမြော်ရတာ အားမရနိုင်တဲ့အတွက် တန်ဆောင်မုန်းလပြည့်ဒီနေ့မှာတော့ ကိုယ်တိုင်လာရောက်ဖူးမြော်တာဖြစ်ပါတယ်။ မာရဝိဇယဘုရားကြီး တည်ထားပေးတဲ့ ဦးဆောင်ဘုရားဒကာနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုလည်း ကျန်းမာချမ်းသာပါစေ အသက်ရာကျော်ရှည်ပါစေလို့ ဆုတောင်းမေတ္တာပို့သပါတယ်။

**ဦးအောင်မြင့်**
**(တောင်တွင်းကြီးမြို့နယ်)**

မာရဝိဇယဘုရားကြီးကို ဒုတိယအကြိမ်အနေနဲ့ အသက် ၇၀ ကျော်ညီအကိုနှစ်ယောက်တည်း လာရောက်ဖူးမြော်တာဖြစ်ပါတယ်။ တန်ဆောင်မုန်းလပြည့်နေ့ မနက်ကတည်းကနေရောက်ရှိဖူးမြော်တာဖြစ်ပါတယ်။ ညပိုင်း ဆီမီး ၉၀၀၀ ပူဇော်တာတွေ၊ စိန်နားပန်မီးပုံးပျံလွှတ်တင်တာတွေ၊ မီးရှူးမီးပန်း ပစ်ဖောက်ပူဇော်တာတွေ ပြီးတဲ့အထိ ဖူးမြော်ကြည်ညိုမှာဖြစ်ပါတယ်။

**ကိုမြင့်ခိုင် (မလှိုင်မြို့နယ်)**

မာရဝိဇယဘုရားကြီးအား တန်ဆောင်မုန်းလပြည့်နေ့မှာ ဖူးမြော်ဖို့ရယ်၊ ကျွန်တော့်သင်တန်းက သင်တန်းသားသင်တန်းသူတွေကို ဖူးမြော်စေချင်တဲ့ဆန္ဒကြောင့် လိုက်ပါပို့ဆောင်တာဖြစ်ပါတယ်။ ဘုရားကြီးကို ဖူးမြော်ဖို့စိတ်ကူးကအမြဲရှိပေမယ့် အလုပ်တွေမအားလပ်တာကြောင့် ဒီနေ့မှပဲ လာရောက်ဖူးမြော်ဖြစ်ပါတယ်။ တန်ဆောင်တိုင်မီးထွန်းပွဲတော်မှာ ဈေးဆိုင်ခန်းတွေ၊ ကလေးတွေဆော့ကစားဖို့ ကစားကွင်းတွေနဲ့ ကြက်ပျံမကျစည်ကားနေတာကိုလည်း မျက်ဝါးထင်ထင်တွေ့မြင်ရတဲ့ ပီတိဟာလည်း ကုသိုလ်ရပါတယ်။ ဘုရားကြီးကို လာရောက်ဖူးမြော်ရတဲ့အခါ အွန်လိုင်းပေါ်မှာဖူးရတာနဲ့တော်တော်လေးကွာခြားပါတယ်။ ကြည်ညိုသဒ္ဓါပွားတဲ့စိတ်တွေက အတိုင်းမသိအောင်ဖြစ်မိပါတယ်။ မြန်မာမှုလက်ရာတွေ အများအပြားလည်း တွေ့ရပါတယ်။ ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ တန်ဆောင်မုန်းလပြည့်နေ့မှာ ဦးဆောင်ဘုရားဒကာကြီး နိုင်ငံတော်ဝန်ကြီးချုပ်တည်ထားပေးတဲ့ ကမ္ဘာပေါ်ရှိ အကြီးဆုံး စကျင်ဗုဒ္ဓရုပ်ပွားတော်ကြီးကို ဖူးမြော်ပြီး နိုင်ငံသူနိုင်ငံသားတွေ ကျန်းမာကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ရပါတယ်။

**ဦးသန်းကျော်**
**(စိန်နားပန်မီးပုံးပျံအဖွဲ့ခေါင်းဆောင်)**

မာရဝိဇယဘုရားကြီးကို မီးပုံးပျံတွေနဲ့ပူဇော်ဖို့အတွက် တောင်ကြီးမြို့ကနေလာတာဖြစ်ပါတယ်။ ကျွန်တော့်အဖွဲ့က ၂၅ ယောက်၊ စိန်နားပန်အဖွဲ့က ၈၀ ပါပါတယ်။ စိန်နပန်မီးပုံးပျံ ၁၁ လုံး တာဝန်ယူထားပါတယ်။ ဒီညမှာ ငါးလုံးလွှတ်တင်ပူဇော်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့က ရာသီဥတုကိုချိန်ပြီး လွှတ်တင်ရပါတယ်။ မီးပုံးပျံခေါင်းအဝိုင်းက ၁၈ ပေ၊ နံထောင်က ၁၇ ပေခွဲ။ မီးစာက ငါးပေခွဲ၊ မှိုင်းမီးစာက မီးပုံးပျံတစ်လုံးကို ငါးချောင်းထိုးရပါတယ်။ မီးစာကို ခရုဆီနဲ့လုပ်ထားတာဖြစ်ပါတယ်။ မီးစာတစ်ချောင်းကို ရှစ်ပိဿာရှိပါတယ်။ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများ ထောင်သောင်းချီပြီး လာရောက် ဖူးမြော်တာမြင်ရတော့ ကျွန်တော်တို့အနေနဲ့ ပါဝင်အားဖြည့် ပူဇော်ရတာ ဝမ်းသာပီတိဖြစ်မိပါတယ်။ လာမယ့်နှစ်မှာလည်း အကောင်းဆုံးဖြစ်အောင်ကြိုးစားပူဇော်သွားပါမယ်။

**မောင်မျိုးကို (ရန်ကုန်မြို့)**

မာရဝိဇယဘုရားကြီးကို (၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ဖို့ နေပြည်တော်ကိုရောက်ရှိစဉ်က နှစ်ခါဖူးမြော်ကြည်ညိုဖြစ်ပါတယ်။ နိုဝင်ဘာ ၂၆ ရက်နဲ့ ဒီနေ့ ၂၇ ရက်မှာလည်း နှစ်ကြိမ်ဆိုတော့ ဘုရားကြီးကို လာရောက်ဖူးမြော်တာ အားလုံးပေါင်း လေးကြိမ်ရှိပါပြီ။ ဘယ်နှကြိမ်ပဲ ဖူးမြော် ဖူးမြော် ဖူးမြော်ကြည်ညိုလို့ မဝနိုင်ပါဘူး။ နောက်လည်း လာရောက်ဖူးမြော်ကြည်ညိုဦးမှာဖြစ်ပါတယ်။ ဘုရားကြီးကို တည်ထားပေးတဲ့ ဦးဆောင်ဘုရားဒကာကြီးကိုလည်း ကျေးဇူးတင်ပါတယ်။ ပြည်သူတွေ စည်စည်ကားကားနဲ့ လာရောက်ဖူးမြော်တာမြင်ရတာလည်း ဝမ်းသာပီတိဖြစ်မိပါတယ်။

**မနန်းလုံးကြည်**
**(ရှမ်းပြည်နယ်၊ ဆီဆိုင်မြို့နယ်)**

မိသားစုတွေ၊ သူငယ်ချင်းတွေနဲ့ စုပေါင်းပြီး မာရဝိဇယဘုရားကြီးကို ဒုတိယအကြိမ် လာရောက်ဖူးမြော်တာဖြစ်ပါတယ်။ ဝတ်ရွတ်အသင်းတွေ ဝတ်ရွတ်တာတွေ၊ ဆီမီး ၉၀၀၀ ကပ်လှူပူဇော်တာတွေ၊ ဘုရားကြီးကိုမီးပုံးပျံတွေနဲ့ ပူဇော်တာကို မျက်ဝါးထင်ထင်တွေ့ရတဲ့ ရဟန်းရှင်လူပြည်သူတွေအနေနဲ့ နတ်ပြည်လို့တောင်ထင်မှတ်နိုင်ပါတယ်။ မာရဝိဇယဘုရားကြီး တန်ဆောင်တိုင်မီးထွန်းပူဇော်ပွဲကြီး ခမ်းခမ်းနားနားကျင်းပတာတွေကိုလည်း ကျွန်မတို့ဒေသက မိတ်ဆွေသူငယ်ချင်းတွေကို သတင်းစကားပါးပြီး ပြောပြမှာဖြစ်ပါတယ်။ လူကိုယ်တိုင် လာရောက်ဖူးမြော်ဖို့လည်း တိုက်တွန်းနှိုးဆော်သွားပါမယ်။

**မောင်ကျော်စိုးဦး ၊ မအိမွန်ခိုင်**
**နေပြည်တော် သားဖွားသင်တန်းကျောင်း**

မီးပုံးပျံတွေ လွှတ်တင်ပူဇော်ဖို့အတွက် ပါဝင်အားဖြည့်တာဖြစ်ပါတယ်။ နေပြည်တော် သားဖွားသင်တန်းကျောင်းက သင်တန်းသား သင်တန်းသူ ၁၅၀ နဲ့ မာရဝိဇယဘုရားကြီးအား မီးပုံးပျံတွေ လွှတ်တင်ပူဇော်တာဖြစ်ပါတယ်။ နိုဝင်ဘာ ၂၅၊ ၂၆၊ ဒီနေ့လပြည့်နေ့ ၂၇ ရက်အထိ သုံးရက်တိုင်တိုင် ကျွန်မတို့သားဖွားသင်တန်းကျောင်းက သင်တန်းသား သင်တန်းသူတွေနဲ့ ကိုယ်တိုင်ပါဝင်ပူဇော်ခွင့်ရတာလည်း ကုသိုလ်ကံကောင်းတဲ့အတွက် ပါဝင်ပူဇော်ဖူးမြော်နိုင်တာဖြစ်ပါတယ်။ ဘုရားကြီးကို လာရောက်ဖူးမြော်ကြတဲ့ မိသားစုတွေ၊ ကလေးတွေကလည်း ဈေးနှုန်းသက်သာစွာ ရောင်းချပေးနေတဲ့ အရောင်းပြခန်းတွေနဲ့ ကလေးကစားကွင်းနေရာတွေမှာလည်း ဈေးဝယ်သူကဝယ်၊ ပျော်ပျော်ပါးပါး ဆော့ကစားနေကြတဲ့ ကလေးတွေက ကစားနဲ့ တွေ့မြင်ရတာလည်း စိတ်ချမ်းမြေ့ဖွယ် တွေ့ရပါတယ်။

**တွေ့ဆုံမေးမြန်း–**
**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**
**ဓာတ်ပုံ – အိမ့်ဘီလီယံမောင်**

---

❖ *ကျောဖုံးမှ*

(၅)မိုင်အကွာ ညောင်ပင်ဇောက်ကျေးရွာအနီးတွင် တည်ရှိပြီး မဟာဆုတောင်းပြည့်ရွှေသိမ်တော်ဘုရားသည် ကျောက်ဆည်မြို့မြောက်ဘက် ရန်ကုန်–မန္တလေးကားလမ်းသင်တောင်းကြီးကျေးရွာအနီးတွင် တည်ရှိကြောင်း သိရသည်။

ထို့ပြင် မဟာရွှေသိမ်တော် ဆုတောင်းပြည့်ဘုရားကြီးသည် ရန်ကုန်–မန္တလေး ကားလမ်းကြီးအနီးတွင်တည်ရှိသောကြောင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ ပိုမိုလာရောက်ကြကြောင်း၊ ဘုရားကြီးအား ပြည်သူများ နံနက်အရုဏ်ဆွမ်းနှင့် သောက်တော်ရေများ ကပ်လှူပူဇော် ဘုရားဝတ်ပြုဆုတောင်းနိုင်ရေးအတွက် နေ့စဉ် နံနက် ၅ နာရီမှ စတင်ပြီးဖွင့်လှစ်ထားကြောင်း၊ တန်ဆောင်တိုင်ရုံးပိတ်ရက်ဖြစ်သောကြောင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ ပိုမိုလာရောက်သဖြင့် စည်ကားလျက်ရှိကြောင်း၊ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းစွာ ဘုရားဖူးနိုင်ရေးနှင့် အခက်အခဲတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ဘုရားလုံခြုံရေးအဖွဲ့များက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ဂေါပကဥက္ကဋ္ဌ ဦးကျော်ဆွေက ပြောသည်။

**သက်မောင်(ကျောက်ဆည်)**

## မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

---

## ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၌ မသိုးသင်္ကန်းရက်ခတ် ပူဇော်ပွဲကျင်းပ

**ကျိုက်ထို နိုဝင်ဘာ ၂၇**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီး၌ မသိုးသင်္ကန်း ရက်ခတ်ပူဇော်ပွဲကို နိုဝင်ဘာ ၂၆ ရက် ညပိုင်းက ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ရင်ပြင်၌ကျင်းပရာ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ဂေါပကအဖွဲ့မှ တာဝန်ရှိသူများ၊ မသိုးသင်္ကန်းရက်ခတ်မည့်အဖွဲ့များနှင့် ဘုရားဖူး ပြည်သူများက နမောတဿ သုံးကြိမ်ရွတ်ဆိုပူဇော်၍ အခမ်းအနားကို ဖွင့်လှစ်ကာ မသိုးသင်္ကန်းရက်ခတ်မည့် စင်တော်အား မြို့နယ်သာသနာရေး ဦးစီးမှူးနှင့် ကျိုက်ထီးရိုးဂေါပကအဖွဲ့မှ တာဝန်ရှိသူများက အမွှေးနံ့သာရည်များပက်ဖျန်းပြီး ရက်ကန်းခတ်မည့် သမီးပျိုများက မသိုးသင်္ကန်းများကို ရက်ခတ်ကြသည်။

ထို့နောက် ရက်ကန်းခတ်သည့် သမီးပျိုများအား တာဝန်ရှိသူများနှင့် အလှူရှင်များက ဆုငွေများပေးအပ်ကာ ရက်ကန်းခတ်လုပ်ပြီးသည့် မသိုးသင်္ကန်းများကို ဆံတော်ရှင် ကျိုက်ထီးရိုးစေတီရင်ပြင်၌ ပူဇော်ထားရှိသော ဗုဒ္ဓမြတ်စွာဘုရားများအား ကပ်လှူ ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## အေဒင်ကမ်းလွန်၌ ဖမ်းဆီးထိန်းသိမ်းထားသော အစ္စရေးနှင့် ဆက်နွှယ်သည့် ရေနံတင်သင်္ဘောတစ်စင်းကို လွှတ်ပေး

**အေဒင် နိုဝင်ဘာ ၂၇**

အေဒင်ကမ်းလွန်၌ အမည်မသိ တိုက်ခိုက်ရေးသမားများက ဖမ်းဆီးထိန်းသိမ်းထားသော အစ္စရေးနှင့် ဆက်နွှယ်သည့် ရေနံတင်သင်္ဘောတစ်စင်းကို လွှတ်ပေးလိုက်ပြီဖြစ်ကြောင်း ယီမင်အစိုးရ၏ ကမ်းခြေစောင့်တပ်မှ အကြီးတန်းအရာရှိ တစ်ဦးက နိုဝင်ဘာ ၂၇ ရက်တွင် ပြောသည်။

အမေရိကန် ရေတပ်သည် Central Park သင်္ဘောအား ပြန်ပေးဆွဲမှုကို ရပ်တန့်ရန် နိုဝင်ဘာ ၂၆ ရက်တွင် ကြားဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ထို့နောက်တွင် အဆိုပါသင်္ဘောကို လွှတ်ပေးခဲ့ကြောင်းနှင့် ပြန်ပေးဆွဲမှုအတွက် တာဝန်ရှိသည့် ပင်လယ်ဓားပြများကို ဖမ်းဆီးခဲ့ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့အကြီးအကဲဖြစ်သူ ခဲလ်လက်အယ်ကာမေလီက ပြောသည်။

အဆိုပါဖြစ်ရပ်နှင့်ပတ်သက်ပြီး ထိခိုက်သေဆုံးသူ မရှိကြောင်းနှင့် သင်္ဘောပေါ်ရှိ လူမျိုးပေါင်းစုံ ၂၂ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။ ၎င်းမှာ ဒေသတွင်းထင်ရှားသည့် နောက်ထပ်ဖမ်းဆီးရမိမှု၏ နောက်ဆက်တွဲဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၁၉ ရက်တွင် အစ္စရေး ကုန်တင်သင်္ဘောတစ်စင်းကို ဟူသီအဖွဲ့က ပင်လယ်နီတွင် ဖမ်းဆီးမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်၌ မိုးရွာသွန်းမှုနှင့်ဆက်စပ်သည့် မတော်တဆမှုများကြောင့် ၂၄ ဦး သေဆုံး

**နယူးဒေလီ နိုဝင်ဘာ ၂၇**

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း မိုးကြိုးပစ်ခြင်း၊ မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့် မတော်တဆမှုများကြောင့် ၂၄ ဦးသေဆုံးပြီး အခြား ၂၃ ဦးမှာ ဒဏ်ရာရရှိကြောင်း အာဏာပိုင်များက နိုဝင်ဘာ ၂၇ ရက်တွင် ပြောကြားသည်။

အိန္ဒိယနိုင်ငံ၌ အချိန်အခါမဟုတ် မိုးရွာသွန်းမှုကြောင့် လူသေဆုံးမှုများ၊ ကျွဲ၊ နွား တိရစ္ဆာန်များနှင့် သီးနှံများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည်။ မိုးရွာသွန်းမှုကြောင့် ခရိုင်ခွဲ ၂၃၄ ခုတွင် သီးနှံများ ပျက်စီးပြီး တိရစ္ဆာန် ၇၁ ကောင် သေဆုံးခဲ့ကြောင်း အာဏာပိုင်တစ်ဦးက ပြောသည်။ ခရိုင်အချို့တွင် မိုးရေချိန် ၁၄၄ မီလီမီတာ အထိရှိကြောင်း၊ လေပြင်းတိုက်ခတ်ခြင်းနှင့် မိုးကြိုးပစ်ခြင်းတို့ကြောင့် ဂူဂျာရတ်ပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းနိုင်သည်ဟု မိုးလေဝသဌာနက ခန့်မှန်းထားသည်။

ဂူဂျာရတ်တောင်ပိုင်းဒေသတွင် လိမ္မော်ရောင်အဆင့် ထုတ်ပြန်ထားပြီး ဆာရာရှ်ထရာဒေသတွင် အဝါရောင် သတိပေးချက်ကြေညာထားကြောင်း သိရသည်။ အိန္ဒိယနိုင်ငံတစ်ဝန်း ၂၀၂၂ ခုနှစ်အတွင်း မိုးကြိုးပစ်ခြင်းကြောင့် လူပေါင်း ၉၀၇ ဦး သေဆုံးခဲ့ကြောင်း ကမ္ဘာမြေသိပ္ပံဝန်ကြီးဌာနမှ အချက်အလက်များကို ကိုးကားပြီး ဒေသတွင်း မီဒီယာများက ဖော်ပြထားသည်။

**ဆင်ဟွာ**



## အစ္စရေးနှင့် လေးရက်ကြာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို သက်တမ်းတိုးရန် ဟားမားစ် မျှော်လင့်

**ဂါဇာ နိုဝင်ဘာ ၂၇**

ဟားမားစ်တို့သည် ၎င်းတို့၏ အစ္စရေးနှင့် လေးရက်ကြာယာယီ အပစ်အခတ်ရပ်စဲရေးကို တိုးမြှင့်ရန် မျှော်လင့်လျက်ရှိကြောင်း ဟားမားစ်မှ ထုတ်ပြန်ချက်ကို ကိုးကားပြီး နိုဝင်ဘာ ၂၆ ရက်က ဒေသတွင်းမီဒီယာများက ဖော်ပြထားသည်။

ယာယီအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်သည် နိုဝင်ဘာ ၂၇ ရက်ညတွင် ပြီးဆုံးတော့မည်ဖြစ်သည်။ ဟားမားစ်တို့က အစ္စရေးတွင် အကျဉ်းကျနေသည့် ပါလက်စတိုင်း နိုင်ငံသားများ ပိုမိုလွတ်မြောက်လာစေရန်အတွက် အဆိုပါ သဘောတူညီချက်ကို သက်တမ်းတိုးမြှင့်ရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

ဂါဇာ၌ လေးရက်ကြာအပစ်အခတ်ရပ်စဲခြင်းသည် ရာဖာလ်နယ်စပ်မှတစ်ဆင့် ဂါဇာသို့ ကယ်ဆယ်ရေး ပစ္စည်းများနှင့် စက်သုံးဆီများ သယ်ဆောင်လာသည့် ထရပ်ကားများ ပိုများလာကြောင်း သိရသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အရ ဟားမားစ်တို့က အမျိုးသမီးများနှင့် အရွယ်မရောက်သေးသူများ အများဆုံးဖြစ်သည့် စုစုပေါင်းဓားစာခံ ၅၀ ကို လွှတ်ပေးရန် ကတိပြုထားကြောင်း သိရသည်။

ယာယီအပစ်အခတ်ရပ်စဲရေး တတိယမြောက်နေ့တွင် အစ္စရေးဘက်မှ ဓားစာခံများကို တတိယအသုတ်အဖြစ် ကြက်ခြေနီအဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး ၎င်းတို့အထဲတွင် အစ္စရေးနိုင်ငံသား ၁၄ ဦးနှင့် နိုင်ငံခြားသား သုံးဦး ပါဝင်ကြောင်း သိရသည်။

အပြန်အလှန်အားဖြင့် အစ္စရေးဘက်ကလည်း အစ္စရေးအကျဉ်းထောင်မှ ပါလက်စတိုင်းအမျိုးသမီးများနှင့် ကလေး ၁၅၀ ခန့်ကို လွှတ်ပေးရန် ကတိပြုခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

## ကနေဒါနိုင်ငံ၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ သုံးဦး သေဆုံး

**အော့တဝါ နိုဝင်ဘာ ၂၇**

ကနေဒါနိုင်ငံအလယ်ပိုင်း မနီတိုးဗားပြည်နယ်၏ မြို့တော် ဝင်နီပက်ဂ်တွင် သေနတ်ပစ်ခတ်မှုဖြစ်ပွားပြီးနောက် သုံးဦးသေဆုံးကာ နှစ်ဦးပြင်းထန်ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က နိုဝင်ဘာ ၂၆ ရက်တွင် ပြောသည်။ အခင်းဖြစ်ပွားရာသို့ ဝင်နီပက်ဂ်ရဲတပ်ဖွဲ့ ရောက်ရှိချိန်တွင် သေနတ်ဒဏ်ရာများဖြင့် လူငါးဦးကို တွေ့ရှိကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အရွယ်ရောက်သူ အမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးမှာ အခင်းဖြစ်ပွားရာတွင် သေဆုံးခဲ့ကြောင်း၊ အခြားသေနတ်ပစ်ခတ်ခံရသူ သုံးဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်းနှင့် ၎င်းတို့ထဲမှ တစ်ဦးမှာ နောက်ပိုင်းတွင် သေဆုံးသွားကြောင်း သိရသည်။ ထို့ပြင် အခြားနှစ်ဦးမှာလည်း ဒဏ်ရာပြင်းထန်သည့်အတွက် စိုးရိမ်ရသော အခြေအနေတွင်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံအရှေ့ပိုင်း၌ ယခုနှစ်ရာသီ၏ ဒုတိယမြောက် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွား

**တိုကျို နိုဝင်ဘာ ၂၇**

ဂျပန်နိုင်ငံ အရှေ့ပိုင်း အိဘာရာကိစီရင်စုရှိ ကြက်မွေးမြူရေးခြံတစ်ခြံ၌ ပြင်းထန်ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားကြောင်း မွေးမြူရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၇ ရက်တွင် ပြောသည်။ အဆိုပါ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုသည် ဂျပန်နိုင်ငံ၌ ယခုနှစ်ရာသီတွင် ဒုတိယမြောက်ဖြစ်ကြောင်း သိရသည်။

အိဘာရာကိစီရင်စု ကာဆာမာရှိ မွေးမြူရေးခြံ၌ ဥစားကြက်အကောင်ရေ ၇၂၀၀၀ ကို သုတ်သင်ရှင်းလင်းသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် ကြက်အကောင်ရေ ၄၅၀ သေဆုံးကြောင်း ကာဆာမာကြက်မွေးမြူရေးခြံက အစီရင်ခံဖော်ပြခဲ့ကြောင်း အိဘာရာကိစီရင်စုအစိုးရ၏ ပြောကြားချက်အရ သိရသည်။

ရိုးရှင်းသော ဗိုင်းရပ်စ်စမ်းသပ်မှုတစ်ခုတွင် ရောဂါပိုးတွေ့ရှိကြောင်း ရလဒ်များ ထွက်ပေါ်ပြီးနောက် အသေးစိတ် မျိုးရိုးဗီဇစစ်ဆေးမှုကို ဆောင်ရွက်ခဲ့သည်ဟု ဆိုသည်။ ယခုနှစ်ရာသီ၏ ပထမဆုံးရောဂါဖြစ်ပွားမှုကို ဂျပန်နိုင်ငံတောင်ပိုင်း ဆာဂါစီရင်စု ကာရှီးမားမြို့ရှိ မွေးမြူရေးခြံတစ်ခြံ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း နိုဝင်ဘာ ၂၅ ရက်တွင် အတည်ပြုခဲ့သည်။

ဂျပန်နိုင်ငံသည် ပြီးခဲ့သည့်ရာသီတွင် နိုင်ငံ၏ စီရင်စု ၄၇ စု အနက် ၂၆ ခုရှိ မွေးမြူရေးခြံများ၌ ပြင်းထန်ကြက်ငှက်တုပ်ကွေးရောဂါ စံချိန်တင် (၈၄) ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ထိုကဲ့သို့ ဖြစ်ရပ်ကြောင့် ကြက်အကောင်ရေ ၁၇ ဒသမ ၇၁ သန်း စံချိန်တင် သုတ်သင်ရှင်းလင်းခဲ့ရသည့်အတွက် ကြက်ဥပြတ်လပ်ခြင်းနှင့် ဈေးနှုန်းမြင့်တက်ခြင်းတို့ ဖြစ်ပေါ်စေခဲ့သည်။

**ဆင်ဟွာ**



# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စစ်သင်္ဘောသုံးစင်း မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိမှု၊ နယ်စပ်ဒေသများတွင် တရားမဝင်နေထိုင်သူများအား တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးမှု၊ အမေရိကန်အစိုးရ၏ ကျောထောက်နောက်ခံပြုထားသည့် USIP (United States Institute of Peace) အဖွဲ့အစည်း၏ သုတေသနစာတမ်းများအားအမှီပြု၍ အနောက်နိုင်ငံမီဒီယာများမှ ကျယ်ကျယ်ပြန့်ပြန့် ဝါဒဖြန့်နေမှုများ၊ ၂၇-၁၁-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(အရှေ့မြောက်ဘက်)နှင့် ကယားပြည်နယ်တွင် စစ်ရေးနှင့်မသက်ဆိုင်သော ကယားပြည်နယ်ယဉ်ကျေးမှု အဆောက်အဦနှင့် အကျဉ်းထောင်သို့ လာရောက်တိုက်ခိုက်မှုများ၊ ရခိုင်ပြည်နယ်တို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ အရှေ့မြောက်ဘက်ဒေသတွင် ဖြစ်ပေါ်နေသောအခြေအနေများကို အခွင့်ကောင်းယူ၍ အချက်ပေးလှုံ့ဆော်မှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့ တန်ဆောင်မုန်းလပြည့်နေ့ အခါသမယမှာ နိုင်ငံသူနိုင်ငံသား အားလုံး ကျန်းမာ၊ ချမ်းသာ၊ ဘေးဘယာဝေးကွာပါစေလို့ ဆုမွန်ကောင်း ပို့သအပ်ပါတယ်။ ဒီနေ့မှာတော့ တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံကို ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေတဲ့ စစ်သင်္ဘောသုံးစင်းဟာ ဒီနေ့ နေ့လယ်ပိုင်းမှာ ရန်ကုန်ကို ရောက်ရှိခဲ့ပါတယ်။ အဲဒီစစ်သင်္ဘောအုပ်စုထဲမှာတော့ ဖျက်သင်္ဘော Destroyer အမျိုးအစား သင်္ဘောတစ်စင်း၊ Frigate အမျိုးအစား သင်္ဘောတစ်စင်းနဲ့ ထောက်ပံ့ပို့ဆောင်ရေးယာဉ်တစ်စင်း စုစုပေါင်းသုံးစင်းပါခဲ့ပါတယ်။ စစ်သည်အင်အား ၇၀၀ ခန့် ပါရှိကြောင်းလည်း တွေ့ရှိရပါတယ်။ ရန်ကုန်မှာ ကျွန်တော်တို့ မြန်မာ့တပ်မတော် (ရေ) မှ အဆင့်မြင့်အရာရှိကြီးများ၊ တရုတ်မြန်မာချစ်ကြည်ရေးအသင်းအဖွဲ့များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ သံရုံးနဲ့စစ်သံရုံးမှ တာဝန်ရှိသူများအနေနဲ့ လှိုက်လှဲစွာကြိုဆိုခဲ့ကြောင်း တွေ့ရပါတယ်။ မြန်မာနိုင်ငံအတွင်းမှာချစ်ကြည်ရေးခရီးလည်ပတ်မှု၊ လေ့လာမှု နှစ်နိုင်ငံချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ပြုလုပ်မှုများကို ပြုလုပ်သွားမှာဖြစ်ကြောင်း အသိပေးလိုပါတယ်။

မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံဟာ မနေ့ကကျွန်တော် ပြောခဲ့သလို မဟာဗျူဟာမိတ်ဖက်နိုင်ငံတွေဖြစ်ပါတယ်။ ဆွေမျိုးပေါက်ဖော်နိုင်ငံများဖြစ်ပါတယ်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်ကို လေးစားလိုက်နာပြီး နှစ်နိုင်ငံအစိုးရနဲ့တပ်မတော် နှစ်ရပ်အကြားမှာ ခိုင်မာတဲ့ချစ်ကြည်ရင်းနှီးမှုရှိတဲ့ နိုင်ငံတွေဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ဒီနေ့မှာတော့ နယ်စပ်ဒေသများမှာ တရားမဝင်ဝင်ရောက်နေထိုင်တဲ့သူများကို ကျွန်တော်တို့ပြန်လည်အပ်နှံရာမှာ တရုတ်အမျိုးသား ၄၆၆ ဦး၊ အမျိုးသမီး ၈၇ ဦး ပေါင်း ၅၅၃ ဦးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ တာဝန်ရှိသူများထံ ပြန်လည်လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ အောက်တိုဘာ ၃၁ ရက်နေ့ကနေ နိုဝင်ဘာလ ၂၇ ရက်နေ့အထိ စုစုပေါင်း အမျိုးသား ၈၃၁၂ ဦး၊ အမျိုး သမီး ၈၈၂ ဦး ပေါင်း ၉၁၉၄ ဦး လွှဲပြောင်းပြီးဖြစ်ပါတယ်။ ဒီနေ့ နောက်ထပ်ထူးထူးခြားခြား သတင်းတစ်ခုကတော့ အမေရိကန်အစိုးရရဲ့ ကျောထောက်နောက်ခံပြုထားတဲ့ USIP(United State Institute of Peace) ဆိုတဲ့ အဖွဲ့အစည်းကနေ သူ့ရဲ့ သုတေသနစာတမ်းများကို အမှီပြုပြီးတော့ အနောက်နိုင်ငံမီဒီယာများက ကျယ်ကျယ်ပြန့်ပြန့် ဝါဒဖြန့်နေတာမျိုးရှိပါတယ်။ အဓိကအချက်ကတော့ ဒီထဲမှာ ယခုလက်ရှိ မြန်မာနိုင်ငံဖြစ်ပေါ်နေတဲ့ အခြေအနေကြောင့်မလို့ ဒီအခြေအနေများကို ပိုပြီးဆိုးရွားသွားအောင် သုံးသပ်တင်ပြ၊ ဦးတည်တင်ပြတာတွေပဲ လုပ်ဆောင်တာမျိုးဖြစ်ပါတယ်။

အရေးကြီးတဲ့သုံးသပ်ချက်ကတော့ လက်နက်စွဲကိုင်ပြီး ပဋိပက္ခဖြစ်အောင် လုပ်ဆောင်နေတဲ့ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေ၊ ဒီအဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေဟာ စစ်ဘုရင်ဝါဒလိုဟာမျိုးဖြစ်မှာမဟုတ်ဘူး။ ခေးပြဆန်ဆန်အဖွဲ့အစည်းမျိုးတွေ ဖြစ်မလာနိုင်ဘူး။ တစ်စုတစ်စည်း တည်းရှိတယ်ဆိုတဲ့ဟာမျိုးနဲ့ ပဋိပက္ခကြီးထွားလာအောင် မီးထိုးပေးတဲ့ သဘောပဲဖြစ်ပါတယ်။ ဒါကဘာလဲဆိုတော့ မြန်မာနိုင်ငံအရေးကို ပေါ်ပေါ်ထင်ထင်ဝင်ရောက်စွက်ဖက် နှောင့်ယှက်လာတာဖြစ်ပါတယ်။ လုပ်လည်းလုပ်နေတာဖြစ်ပါတယ်။ ထပ်ပြီးတော့မှ လုပ်လာနိုင်တဲ့အရိပ်အယောင်မျိုးကို ပြသခြင်းဖြစ်ပါတယ်။ ဒီအနောက်နိုင်ငံများနဲ့ ဆက်စပ်အဖွဲ့များအနေနဲ့ မြန်မာနိုင်ငံအရေးနဲ့ ပတ်သက်လာပြီး ပိုပြီးတော့ ဝင်ရောက်စွက်ဖက်နှောင့်ယှက်မယ့် အရိပ်အယောင်နဲ့ ပြသခြင်းဖြစ်ပါတယ်။



ဒီနေရာမှာ ကျွန်တော်ပြောချင်တာကတော့ လက်တွေ့သူတို့ ပြောတဲ့အတိုင်း မြေပြင်မှာဖြစ်နေခြင်း ရှိမရှိပါပဲ။ လက်တွေ့လည်း မြင်နေရတာဖြစ်ပါတယ်။ သူတို့ပြောနေကြတဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေအတွင်းမှာပဲ သွေးကွဲမှုတွေရှိတယ်။ လက်နက်ကိုင်အဖွဲ့အစည်းတွေအတွင်းမှာပဲ စစ်ကိုင်းဘက်မှာဆိုရင် အဖွဲ့တစ်ဖွဲ့နဲ့တစ်ဖွဲ့ မတည့်ဘဲနဲ့ တစ်ဖွဲ့နဲ့တစ်ဖွဲ့ တိုက်ခိုက်နေတာမျိုးတွေရှိတယ်။ NUG၊ CRPH အမည်ခံ အကြမ်းဖက်အဖွဲ့ကကိုပဲ တချို့သောလက်နက်ကိုင်အဖွဲ့တွေကိုလက်မခံဘူးလို့သူတို့ကိုယ်တိုင်ကြေညာခဲ့တာတွေရှိတယ်။ ပြည်သူလူထုအပေါ်မှာ အကြိမ်ကြိမ် သတ်ဖြတ်တာတွေ၊ လုယက်တာတွေ လုပ်နေတာတွေရှိတယ်။ တရားမဲ့ပြုကျင့်နေတာတွေရှိတယ်ဆိုတာ အားလုံးကိုမျက်ကွယ်ပြုပြီးမှ သုံးသပ်ခဲ့တဲ့ အချက်ပဲဖြစ်ပါတယ်။ စစ်ကိုင်းဘက်မှာဆိုရင် ဒီPDF အမည်ခံ အကြမ်းဖက်အဖွဲ့တစ်ဖွဲ့ရဲ့ အမျိုးသမီးတစ်ယောက်ကို လပေါင်းများစွာ ဖမ်းဆီးချုပ်နှောင်ပြီး အကြိမ်ကြိမ်မုဒိမ်းကျင့်ခဲ့တဲ့လုပ်ရပ် ဟိုးလေးတကြော်ကြော်ဖြစ်လာမှ အရေးယူမယ်ဆိုတဲ့ ပုံစံမျိုးပြောပြီးကာမှ ဘာမှအရေးမယူတဲ့အပြင် အဲဒီအဖွဲ့တွေကပါ လွတ်မြောက်သွားတဲ့ကိစ္စတွေ၊ တရားမဲ့ ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်နေတဲ့ဟာတွေ၊ အမြင်မတူတဲ့ကျေးရွာတွေကို မီးရှို့ဖျက်ဆီးနေတဲ့ဟာတွေ၊ ဒါတွေဟာ လက်တွေ့တွေ့ရမှာဖြစ်ပါတယ်။

ဒ့ါအပြင် ကျွန်တော်တို့ ပြောပြီးဖြစ်ပါတယ်။ ဒီ MNDAA အကြမ်းဖက်သောင်းကျန်းသူများရဲ့ လုပ်ရပ်တွေ၊ MNDAA အကြမ်းဖက်သောင်းကျန်းသူတွေရဲ့သမိုင်းကြောင်းတွေ ပြောပြီးဖြစ်ပါတယ်။ ဒီအဖွဲ့ရဲ့ မူရင်းအခြေခံ ဇာတ်မြစ်ဟာ၊ စီးပွားရေးလုပ်ငန်းဟာ ဘိန်းမှောင်ခိုကူးခြင်းဖြစ်ပါတယ်။ ဘိန်းနဲ့ပတ်သက်ပြီးတော့မှ ဆောင်ရွက်တဲ့အဖွဲ့ဖြစ်ပါတယ်။ ထင်ရှားတဲ့သမိုင်းသာဓကတွေရှိပါတယ်။ ကိုးကန့်အမျိုးသမီးတစ်ဦးဖြစ်ခဲ့တဲ့ ကမ္ဘာမှာဘိန်းဘုရင်မလို့ နာမည်ကျော်ကြားခဲ့တဲ့သူသည် ဘယ်နယ်မြေကထွက်ခဲ့တာလဲ။ ဘယ်အမျိုးအနွယ်ကနေ လာခဲ့တာလဲဆိုတာ သမိုင်းအထင်အရှားရှိပြီးဖြစ်ပါတယ်။ အဲဒီအချိန်တုန်းက အမေရိကန် CIA ရဲ့ ဘိန်းပံ့ပိုးမှုနဲ့ပတ်သက်ပြီး ဒီကိုးကန့်ဘိန်းဘုရင်မဆိုတဲ့ အမျိုးသမီးကိုယ်တိုင်က ဆောင်ရွက်ပေးခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်းမှာမှ ဒီနေရာမှာ ဗကပလွှမ်းမိုးလာပြီးတော့မှ သူတို့ပျောက်ကွယ်သွားတယ်။ ပြီးရင် ဗကပအနေနဲ့ ဘိန်းလုပ်ငန်းတွေ ဆက်လက်ဆောင်ရွက်တယ်။ ဆောင်ရွက်တဲ့နေရာမှာလည်း သူတို့ရဲ့လက်အောက်မှာရှိတဲ့ ဒီတိုင်းရင်းသားတွေကိုပဲ အသုံးပြုပြီး စေခိုင်းခဲ့တာဖြစ်ပါတယ်။ နောက်ပိုင်း ဗကပကွပ်ကဲမှုအောက်ကနေ လွတ်ပြီးတဲ့နောက်ပိုင်းမှာလည်း ဒီလုပ်ငန်းတွေကိုပဲ ဆက်လုပ်တာဖြစ်ပါတယ်။ ဒီလုပ်ငန်းတွေကမှတစ်ဆင့်ငွေရလာတယ်။ အဲဒီကနေမှတစ်ဆင့် အဲဒီလုပ်ငန်းတွေကို စောင့်ရှောက်ဖို့အတွက် လက်နက်ကိုင်အဖွဲ့အစည်းထူထောင်တယ်။ လက်နက်ကိုင်အဖွဲ့အစည်းထူထောင်တော့ ဒ့ါထက် တရားမဝင်လုပ်ငန်းတွေ လုပ်ကိုင်ခွင့်ရတယ်။ ဒါတွေကိုစောင့်ရှောက်ဖို့အတွက် လက်နက်တွေ၊ ခဲယမ်းတွေဝယ်တယ်။ လက်နက်ကိုင်အဖွဲ့အစည်း ထပ်တိုးချဲ့တယ်။ ဒီဟာနဲ့တင် သံသရာလည်နေတာဖြစ်ပါတယ်။ ဒီလိုသမိုင်းကြောင်းတွေ၊ ဒီလိုထင်ရှားရှိတဲ့ဟာတွေကို မျက်ကွယ်ပြုပြီး အခုလို သုံးသပ်ပြီး မီးထိုးပေးနေခြင်းသည် ဒီပဋိပက္ခမှာ အနောက်နိုင်ငံတွေနဲ့ အပေါင်းအပါများ ထဲထဲဝင်ဝင် ဝင်ရောက်ပတ်သက်နေပြီဆိုတာကို သိနိုင်ကြောင်း အသိပေးပြောကြားလိုပါတယ်။ ဒါတွေကို ကျွန်တော်တို့ ပြည်သူလူထုအားလုံး၊ အိမ်နီးချင်းနိုင်ငံများနဲ့အားလုံးက ဂရုစိုက်သတိပြုရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ထိတွေ့တိုက်ပွဲအနေနဲ့ မနေ့ညဘက်ကတော့ မူဆယ် ၁၀၅ မိုင်ဘက်မှာ ထိတွေ့တိုက်ပွဲတွေ ဖြစ်ပွားခဲ့တာရှိပါတယ်။ တပ်မတော်အနေနဲ့ တိကျစွာနှိမ်နင်းခဲ့တဲ့အတွက် ဒီမနက်ပိုင်းမှာတော့ အဲဒီဘက်မှာ ထိတွေ့တိုက်ပွဲမရှိခဲ့ပါဘူး။ ရန်သူအနေနဲ့ အထိအခိုက်အကျအဆုံးများစွာရှိတယ်ဆိုတာ သိရှိရပါတယ်။ ဒီကနေ့မှာတော့ ကုန်းကြမ်းဘက်မှာ Drop Bomb နဲ့ မြောက်မြားစွာချပြီး တိုက်ခိုက်ခဲ့တာရှိပါတယ်။ မုန်းစီးဘက်မှာလည်း Drop Bomb များချပြီး တိုက်ခိုက်ခဲ့တာရှိပါတယ်။ စီကောကို ရှော့တိုက်ဒုံးများနဲ့ ပစ်ခတ်ခဲ့တာရှိပါတယ်။ ကယားပြည်နယ်ဘက်မှာ တော့ စစ်ရေးနဲ့မဆိုင်တဲ့နေရာတွေဖြစ်တဲ့ ကယားပြည်နယ် ယဉ်ကျေးမှုအဆောက်အဦ၊ အကျဉ်းထောင် ဒါတွေကို လာရောက်ပြီးတိုက်ခိုက်ခဲ့တာမျိုးရှိပါတယ်။ ရန်သူအနေနဲ့ ထိခိုက်ကျဆုံးမှုများရှိတယ်လို့ သိရပါတယ်။ ရခိုင်ပြည်နယ်ဘက်မှာတော့ ပလက်ဝနဲ့ ထရွှန်အိုင်ဘက်မှာ တိုက်ခိုက်ခဲ့တာရှိပါတယ်။ နန်းဘူးမှာ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့တာရှိပါတယ်။ ပလက်ဝမှာတော့ အဝေးကနေ ရှော့တိုက်ဒုံးနဲ့ ပစ်ခတ်ခဲ့တာရှိပါတယ်။

ဒီနေ့မှာ ကျွန်တော်အထူးအလေးအနက်ထားပြီး ပြောကြားလိုတာကတော့ မြန်မာနိုင်ငံရဲ့ အရှေ့မြောက်ဘက်ဒေသမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို အခွင့်ကောင်းယူပြီး ပွဲလန့်တုန်းဖျာခင်းတာ လုပ်ဆောင်ဖို့အတွက် အချက်ပေးလှုံ့ဆော်မှုများ ထင်ရှားစွာတွေ့မြင်ရမှာ ဖြစ်ပါတယ်။ USIP ဆိုတဲ့အဖွဲ့အစည်းရဲ့ အစီရင်ခံစာကိုသုံးသပ်ပြီး ပြည်ဖျက်မီဒီယာများအနေနဲ့ အမျိုးမျိုးသုံးသပ်ပြီး ရေးသားလှုံ့ဆော်နေတာတွေ့ရပါတယ်။ ဒါတွေကို ကျွန်တော်တို့ နိုင်ငံသူ၊ နိုင်ငံသားတွေအားလုံး၊ မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းနိုင်ငံအားလုံးက အလေးအနက်ထား စောင့်ကြည့်သတိပြုသွားရမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂၇

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော မလက္ကာရေလက်ကြားတို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက် - အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နိုဝင်ဘာ ၂၉ ရက်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်း၌ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ





## တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေ)မှ စစ်ရေယာဉ်များ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ရေ)၊ 44th PLA Navy Escort Task Group(ETG) မှ စစ်ရေယာဉ်များဖြစ်သည့် ဖျက်သင်္ဘော Zi Bo၊ ဖရီဂိတ်စစ်ရေယာဉ် Jing Zhou နှင့် ထောက်ပံ့ရေးစစ်ရေယာဉ် Qian Dao Hu တို့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ မြန်မာ-တရုတ် ရေကြောင်း လုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း ဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီး လည်ပတ်ရန် အတွက် ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးနှင့် စစ်သံရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတရုတ်ကုန်သည်များအသင်း၊ တရုတ်-မြန်မာ ဗုဒ္ဓဘာသာအသင်းတို့မှ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။(**အပေါ်ပုံ**)

အဆိုပါ စစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် Senior Captain Sun Bo ဦးစီး၍ အရာရှိ စစ်သည် စုစုပေါင်း ၇၀၀ ခန့် လိုက်ပါလာပြီး ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေး အားကစားပြိုင်ပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ဒံပေါက်ထမင်းဘူးများ ပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂၇**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့် အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။



စေတနာရှင် အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများ ပေးအပ်လှူဒါန်းရာ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးရန် ဆောင်ရွက်စဉ်။

ယနေ့တွင်လည်း စေတနာရှင် အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ အတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင် ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ ကျန်းမာပါစေကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းပါစေကြောင်းနှင့် တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "ချစ်စု" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် လယ်ယားကျေးရွာနေ ဖြိုးမင်းအောင်(ခ)ချစ်စုအား နံနက် ၁၁ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "Khin Nyein Nyein Chan" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် တောင်ရင်းရပ်ကွက်နေ ခင်ငြိမ်းငြိမ်းချမ်း(ခ)ငြိမ်းငြိမ်းအား မွန်းလွဲ ၃ နာရီ မိနစ် ၅၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား (၃၄)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ကပ်လှူပူဇော်၊ ဘုရားဖူးပြည်သူများဖြင့် စည်ကား

**မန္တလေး နိုဝင်ဘာ ၂၇**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား (၃၄)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော်ဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲက ဘုရားကြီးရင်ပြင်တော် မိုးကောင်းဓမ္မာရုံမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားမစမီ နံနက်အရုဏ်တက်ချိန်တွင် ရေတော်ဆရာတော်နှင့် မဟာမုနိဝေယျာဝစ္စအဖွဲ့တို့က မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား အမွှေးနံ့သာရည်များဖြင့် မျက်နှာသစ်တော်ရေသပ္ပာယ်ကာ ရောင်တော်ဖွင့်၍ ဆွမ်းခဲဖွယ်၊ ဘောဇဉ်၊ ပန်း၊ ရေချမ်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ကပ်လှူပူဇော်ရန် နေ့ချင်းပြီး ရက်လုပ်ထားသော တဘက်တော်၊ မသိုးမြတ်သင်္ကန်းတော်၊ သင်းပိုင်သင်္ကန်းတော်များကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်အဖွဲ့ထံပေးအပ်ပြီး ရေတော်ဆရာတော်အမှူးပြု၍ တဘက်တော်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဝန်ကြီးများ၊ သင်းပိုင်သင်္ကန်းတော်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီးနှင့် ဝန်ကြီးများ၏ဇနီးများ၊ ဧကသီသင်္ကန်းတော်ကို ဂေါပကအဖွဲ့၊ ဝေယျာဝစ္စအဖွဲ့၊ ရက်ကန်းပညာရှင်များအဖွဲ့နှင့် စက်ချုပ်ပညာရှင်များအဖွဲ့တို့က ကိုင်ဆောင်ကာ လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ရေတော် ဆရာတော်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များက မသိုးမြတ်သင်္ကန်းကို လွှမ်းခြုံကပ်လှူပူဇော်ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများက မသိုးမြတ်သင်္ကန်း ရက်လုပ်ခဲ့ကြသော ရေကြည်ပေါက်ကျေးရွာ၊ အုန်းတောကျေးရွာ၊ အင်းလေးဒေသ ကိုးလုံးတကာရက်ကန်းပညာရှင်နှင့် စက်ချုပ်ပညာရှင်အဖွဲ့၊ မဟာမုနိဝေယျာဝစ္စအဖွဲ့တို့အား ဂုဏ်ပြုငွေများနှင့် မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယနေ့သည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့)တွင် မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဘာသာရေးဆိုင်ရာ နေရာများတွင် ကထိန်သင်္ကန်းများ ဆက်ကပ် လှူဒါန်းခြင်း၊ ဥပုသ်သီလဆောက်တည်ကြခြင်းနှင့် ကောင်းမှုကုသိုလ်ပြုကြသူများ၊ အပန်းဖြေလည်ပတ်ကြသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ တန်ဆောင်မုန်းလပြည့်နေ့တွင် ဘုရားဖူးများဖြင့်စည်ကား

**ညောင်ဦး နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများပြားလျက်ရှိရာ နိုဝင်ဘာ ၂၇ ရက် တန်ဆောင်မုန်းလပြည့်နေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတစ်ခွင်လုံး ဘုရားဖူးလာသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေတွင် တန်ဆောင်မုန်းကျောင်းပိတ်ရက်များတွင် နေ့ချင်းပြန်များ၊ နှစ်ညသုံးညအိပ်မိသားစုဘုရားဖူးများ၊ မိတ်ဆွေအပေါင်းများဖြင့် လာရောက်သည့် ဘုရားဖူး ဧည့်သည်များဖြင့် စည်ကားလျက်ရှိသည်။ ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေတွင် သမိုင်းအထင်ကရဘုရားများ၊ နံရံဆေးရေးပန်းချီ များပြားစွာကျန်ရှိနေသေးသည့် ဘုရားများ၊ ရှုခင်းအလှ ဓာတ်ပုံရိုက်သည့် ဘုရားများတွင် ဘုရားဖူးလေ့လာရေး လာရောက်သူ သောင်းချီဝင်ရောက်လျက် ရှိကြောင်း သိရသည်။ သမိုင်းအထင်ကရ ဘုရားများဖြစ်သည့် ရွှေစည်းခုံဘုရား၊ တုရင်တောင်စွယ်တော်မြတ်စေတီ၊ လောကနန္ဒာစွယ်တော်မြတ်စေတီ၊ ရွှေဆံတော်စေတီတော်မြတ်ကြီး၊ ဓမ္မရံကြီး၊ အာနန္ဒာဘုရားကြီး၊ စူဠာမဏိဘုရား၊ မဟာငှက်ပစ်တောင်ဘုရား၊ ကျောက်ဂူဥမင်၊ မဟာဗောဓိဘုရား၊ ဗူးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ မနုဟာဘုရား၊ပြဿဒ်ကြီးဘုရား၊ဓမ္မရာဇကဘုရား၊ အလိုတော်ပြည့်ဘုရား၊ ထီးလိုမင်းလိုဘုရားနှင့် သဗ္ဗညုဘုရားကြီးတို့တွင် ကားများ၊ မီနီအိုးဝေများ၊ လျှပ်စစ်ဆိုင်ကယ်များ၊ မြင်းလှည်းရပ်သည့် ကွင်းများတွင် ပြည့်နေသည်အထိ ဘုရားဖူးများ များပြားလျက်ရှိကြောင်း၊ အလားတူ ဝိနည်းဓိုလ် ဘုရားစု၊ ဆင်ဖြူရှင်အုတ်ကျောင်း၊ ရင်မနားဘုရားစု၊ ခေမင်္ဂဘုရားစု၊ သစ္စာမဏ္ဍိုင်ဘုရားစု၊ ရွှေနန်းရင် တောအုတ်ကျောင်းတိုက်ဘုရားစု၊ မင်းအိုချမ်းသာဘုရား၊ မြေဘုံသာဘုရားစု၊ လောကထိပ်ပန်ဘုရား၊ လောကအုတ်သျှောင် ဘုရားတို့တွင်လည်း ခရီးသွားဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်။

ညောင်ဦးမြို့အတွင်း ရောင်းချလျက်ရှိသည့် ထမင်းဆိုင်များ၊ လက်ဆောင်ပစ္စည်း အရောင်းဆိုင်များ၊ လက်အလှပန်းချီဆွဲသူများ၊ မြင်းလှည်း၊ လျှပ်စစ်ဆိုင်ကယ်၊ မီနီအိုးဝေ၊ ကားအငှားလိုက်သူများ ဝင်ငွေတွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။

**ဒီပါလင်း**



## ပေါင်းတည်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနက တောင်သူများ လယ်ယာလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးအသိပညာပေးခြင်းနှင့် သရုပ်ပြသ

**ပေါင်းတည် နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ၂၀၂၃ ခုနှစ် မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေး ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲအား ကြိုဆို ဂုဏ်ပြုသောအားဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းက သဖန်းကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၌ ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ တောင်သူများ လယ်ယာလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းစင်စေရေးအတွက် ရည်ရွယ်၍ အသိပညာ ပေးဟောပြောပွဲနှင့် လုပ်ငန်းခွင် ဘေးကင်းလုံခြုံရေး ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



အဆိုပါ ဆောင်ရွက်မှုတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းချစ် ဦးဆောင်၍သဖန်းကုန်းကျေးလက်ကျန်းမာရေးမှူး ဦးဝင်းသောင်းတို့နှင့်အတူ ကျန်းမာရေးမှူးများနှင့် ဝန်ထမ်းများက တောင်သူများ လယ်ယာလုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းဝေးစေရန်၊ ပိုးသတ်ဆေးများကိုဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ကိုင်တွယ်အသုံးပြုနိုင်ရေးနှင့် စနစ်တကျ အသုံးမပြုပါက တွေ့ကြုံခံစားရနိုင်သည့် ကျန်းမာရေးပြဿနာများအကြောင်းကို အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ပိုးသတ်ဆေးဖျန်းရာတွင် အန္တရာယ်ကင်းစေရန် ဝတ်ဆင်ရမည့် ဝတ်စုံအပြည့်အစုံနှင့် လိုအပ်သည့် အသုံးဆောင်ပစ္စည်းများအား တောင်သူများထံထောက်ပံ့ ပေးအပ်ခဲ့သည်။

ယင်းနောက် ဝတ်စုံပြည့်ဝတ်ဆင်ပြီး လယ်ယာလုပ်ငန်းခွင်၌ အန္တရာယ်ကင်းရှင်းစွာဖြင့် ပိုးသတ်ဆေးဖျန်းခြင်းကို သရုပ်ပြသပေးခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

အဆိုပါ တောင်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်မှုကို ရပ်ရွာအုပ်ချုပ်ရေးအဖွဲ့များနှင့် တောင်သူများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သူရကြီး (ပြန်/ဆက်)**

**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**

# ဘယ်သူ ပိုအရေးကြီးလဲ၊ ဘယ်သန်လား ညာသန်လား

ထွန်းကျော်

ကျွန်တော်တို့သည် ဦးနှောက် ဘယ်ဘက်ခြမ်းနှင့် ညာဘက်ခြမ်း (Left Hand Brain နှင့် Right Hand Brain) အကြောင်း ကောင်းစွာသိရှိဖို့လိုသည်။ သို့မှသာ Left Hand Brain နှင့် Right Hand Brain တို့၏ အားသာချက်၊ အားနည်းချက်များကို နားလည်နိုင်မည်ဖြစ်သည်။ ထို့နောက် Left Hand Brain မှ Right Hand Brain ပြောင်းလျှင် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို ဆက်လက်နားလည်အောင် လေ့လာရပေမည်။ Left Hand Brain ဖြင့် အောင်မြင်ကျော်ကြားနေသော ကမ္ဘာကျော်ပုဂ္ဂိုလ်များ ဒုနှင့်ဒေးရှိသလို Right Hand Brain ဖြင့်အောင်မြင်ကျော်ကြားနေသော ကမ္ဘာကျော် ပုဂ္ဂိုလ်များလည်း ကျွန်တော်တို့ကမ္ဘာပေါ်တွင် မရေမတွက်နိုင်အောင် ရှိပေသည်။



**“ဘယ်သန်ကလေးများကို ညာသန်ကလေးများဖြစ်အောင် ဖိအားပေးလုပ်ဆောင်မည်ဆိုပါက ကလေးများ၏ စိတ်ပိုင်းဆိုင်ရာတွင် မလုံခြုံမှုများကို ခံစားရစေနိုင်ပါသည်။ ညာဘက်ကြွက်သားလှုပ်ရှားမှုကို ဦးနှောက်၏ ဘယ်ဘက်အခြမ်းက ထိန်းချုပ်ပေးသလို ဘယ်ဘက်ကြွက်သားလှုပ်ရှားမှုကို ဦးနှောက်၏ ညာဘက်အခြမ်းက ထိန်းချုပ်ပေးသောကြောင့် ကျွန်တော်တို့အနေဖြင့် ဘယ်သန်ကလေးကို ညာသန်ကလေးအဖြစ်ပြောင်းမည် ဆိုလျှင် ဦးနှောက်၏လုပ်ဆောင်ချက်များ ကစဉ့်ကလျားဖြစ်ပြီး ယင်းကြောင့် နောင်တစ်ချိန်အထိ ဆိုးကျိုးများ ခံစားရစေနိုင်ပါသည် ”**

### ဦးနှောက် ဘယ်ဘက်ခြမ်းနှင့် ညာဘက်ခြမ်း သို့မဟုတ် ဘယ်သန်နှင့် ညာသန်

လူသားတို့၏ ဦးနှောက်တွင် ဘယ်ဘက်ခြင်းနှင့် ညာဘက်ခြမ်းဟူ၍ နှစ်ပိုင်းရှိရာ ဦးနှောက် ဘယ်ဘက်ခြမ်းနှင့် ညာဘက်ခြမ်း ဖွံ့ဖြိုးမှုအပေါ် မူတည်ပြီး ဘယ်သန်နှင့် ညာသန်ဆိုပြီး ဖြစ်ပေါ်လာသည်။ တစ်ခါတစ်ရံတွင် နှစ်မျိုးစလုံး ကျွမ်းကျင်သူများကို တွေ့မြင်နိုင်ပေသည်။ နှစ်မျိုးစလုံး ကျွမ်းကျင်သူများသည် တစ်ခုခုတွင် ပိုသန်သည့်သူများလောက် ထူးချွန်ပေါက်မြောက်ခြင်း သိပ်မတွေ့ရပေ။

### ဘယ်သန်များ

မိမိတို့လူ့ပတ်ဝန်းကျင်တွင် ဘယ်ဘက်နှင့် ထမင်းစားခြင်း၊ ဘယ်ဘက်နှင့်စာရေးခြင်း၊ ပစ္စည်းကိရိယာများကို ဘယ်ဘက်နှင့်သယ်ဆောင်ခြင်း၊ အသုံးပြုခြင်း၊ လျှပ်တစ်ပြက်ဆိုလျှင် ဘယ်ဘက်နှင့် ချက်ချင်းတုံ့ပြန်တတ်ခြင်းများကို တွေ့ရလျှင် ၎င်းတို့ကို ဘယ်သန်များဟု သတ်မှတ်လေ့ရှိကြသည်။ ဘယ်သန်များသည် ဦးနှောက်၏ညာဘက်အခြမ်း ဖွံ့ဖြိုးသည့်သူများဖြစ်ကြသည်။ ဦးနှောက်၏ ညာဘက်ခြမ်းဖွံ့ဖြိုးသည့် ကလေးများ တစ်နည်းအားဖြင့် ဘယ်သန်များသည် တီထွင်ဖန်တီးမှု အားကောင်းခြင်း၊ ထိုးထွင်းသိမြင်မှု အားကောင်းခြင်း၊ ဂီတနှင့် အနုပညာဖန်တီးမှု နယ်ပယ်များတွင် ထူးချွန်ထက်မြက်ခြင်း၊ စိတ်ကူးစိတ်သန်းကောင်းခြင်းများရှိသည်။ ထို့အပြင် ၎င်းတို့သည် စိတ်ခံစားမှု အားကောင်းတတ်ကြပြီး သံယောဇဉ်လည်းကြီးကြသည်။ ရုပ်ပိုင်းဆိုင်ရာ သိမှုနယ်ပယ်ပိုင်းတွင်လည်း အားကောင်းသည့်အတွက် လူတစ်ယောက်ယောက်ကို ပိုမိုမှတ်မိလေ့ရှိကြသည်။ အကြောင်းအရာဖြစ်စဉ်အချက်အလက်များကိုလည်း မှတ်မိလေ့ရှိကြသလို ပေါင်းစပ်လုပ်ဆောင်မှုများတွင်လည်း အားကောင်းသည့်သူများ ဖြစ်ကြသည်။ နိုင်ငံရေး၊ စီးပွားရေး၊ တီထွင်ဖန်တီးမှု၊ တွေးခေါ်မြော်မြင်နိုင်မှု၊ စာပေနယ်ပယ်၊ အနုပညာနယ်ပယ်များတွင် ထူးချွန်ကြသည်။

### ကမ္ဘာကျော်ဘယ်သန်များ

ကမ္ဘာပေါ်တွင် ထူးချွန်ကျော်ကြားသူ ဘယ်သန်ပေါင်း များစွာရှိသည်။ ၎င်းတို့ထဲမှ ထုတ်နုတ်ဖော်ပြရမည်ဆိုလျှင်

- အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်
- ကျူးဘားခေါင်းဆောင် ဖီဒဲလ်ကတ်စထရို
- အမေရိကန်ရုပ်ရှင်မင်းသမီး မာရီလင်မွန်ရိုး
- ဟာသသရုပ်ဆောင် ချာလီချက်ပလင်
- အကြီးမြတ်ဆုံး သိပ္ပံပညာရှင် အယ်လ်ဘတ်အိုင်းစတိုင်း
- ကမ္ဘာကျော်ပန်းချီဆရာ လီယိုနာဒိုဒါဗင်ချီ
- ကမ္ဘာကျော် အမေရိကန်စာရေးဆရာ မာ့ခ်တွိန်း
- ကမ္ဘာကျော်ဘောလုံးမင်းသားကြီး ပီလီ
- အမေရိကန် ဂန္တဝင်သီချင်းရေးဆရာ ဘီသိုဗန်
- ပထမဆုံး တရုတ်ဝန်ကြီးချုပ် ချူအင်လိုင်း
- (၄၁)ယောက်မြောက် အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်
- (၄၂) ယောက်မြောက် အမေရိကန်သမ္မတ ဘီလ်ကလင်တန်
- (၄၄) ယောက်မြောက် အမေရိကန်သမ္မတ ဘားရက်အိုဘားမား
- စပိန်ပန်းချီဆရာ ပီကာဆို
- အမေရိကန်စွန့်ဦးတီထွင်သူ၊ ဆော့ဖ်ဝဲလ်ဖန်တီးသူနှင့် ပရဟိတအလှူရှင် ဘီလ်ဂိတ်
- အမေရိကန်စီးပွားရေးလုပ်ငန်းရှင်ကြီး စတိဗ်ဂျော့တို့ ဖြစ်ကြပါသည်။

### ညာသန်များ

မိမိတို့ လူ့ပတ်ဝန်းကျင်တွင် ညာဘက်နှင့် ထမင်းစားခြင်း၊ ညာဘက်နှင့်စာရေးခြင်း၊ ပစ္စည်းကိရိယာများကို ညာဘက်နှင့်သယ်ဆောင်ခြင်း၊ အသုံးပြုခြင်း၊ လျှပ်တစ်ပြက်ဆိုလျှင် ညာဘက်နှင့် ချက်ချင်းတုံ့ပြန်တတ်ခြင်းများကို တွေ့ရလျှင် ၎င်းတို့ကို ညာသန်များဟု သတ်မှတ်လေ့ရှိကြသည်။ ညာသန်များသည် ဦးနှောက်၏ ဘယ်ဘက်အခြမ်း ဖွံ့ဖြိုးသည့်သူများဖြစ်ကြသည်။ ဦးနှောက်၏ ဘယ်ဘက်ခြမ်းဖွံ့ဖြိုးသည့် ကလေးများကို တစ်နည်းအားဖြင့် ညာသန်များဟုခေါ်သည်။ ဦးနှောက်၏ ဘယ်ဘက်အခြမ်း ဖွံ့ဖြိုးသူများသည် ခန္ဓာကိုယ်၏ ညာဘက်အခြမ်းကို လွှမ်းမိုးထိန်းချုပ်နိုင်စွမ်းရှိသည်။

ညာသန်များသည် ကျိုးကြောင်းစီစဉ်တွေးခေါ်နိုင်စွမ်းရှိသဖြင့် ယုတ္တိဗေဒကျကျ တွေးခေါ်နိုင်စွမ်းရှိသည်။ ခွဲခြမ်းစိတ်ဖြာမှု၊ သုံးသပ်ဆင်ခြင်မှု အားကောင်းသူများ ဖြစ်ကြသည်။ ကိန်းဂဏန်းအချက်အလက်များကို မှတ်မိနိုင်စွမ်းရှိကြသည်။ လက်တွေ့လုပ်ဆောင်မှု၊ သိပ္ပံနှင့် ဆက်စပ်စဉ်းစားနိုင်စွမ်း၊ သင်္ချာဉာဏ်ရည် အားကောင်းသည်။ ဘာသာစကားစွမ်းရည် ထူးချွန်ထက်မြက်သောကြောင့် အရေးဘာသာစကားနှင့် အပြောဘာသာစကားများတွင် ကျွမ်းကျင်တတ်မြောက်လွယ်သည်။ စီကာပတ်ကုံး အစီအစဉ်တကျ စဉ်းစားတွေးခေါ်တတ်သည်။ ပုံမှန်အားဖြင့် ဘယ်သန်များသည် ညာသန်များထက် တီထွင်ဖန်တီးမှုပိုင်း ပိုမိုကောင်းမွန်တတ်ကြသော်လည်း ကျိုးကြောင်းစီကာပတ်ကုံး စဉ်းစားနိုင်စွမ်းတွင်တော့ ညာသန်များက ပိုပြီးအားသာကြသည်။ ကမ္ဘာ့လူဦးရေ၏ ၉၀ – ၉၅ ရာခိုင်နှုန်းလောက်သည် ညာသန်များဖြစ်ကြသည်။ ကမ္ဘာပေါ်တွင် ညာသန်ထူးချွန်ကျော်ကြားသူ များစွာရှိသည်။

အချုပ်အားဖြင့် ဆိုရသော်လည်း ဘယ်သန်များလည်း တစ်မျိုးတစ်မည်ကောင်းသလို ညာသန်များလည်း တစ်မျိုးတစ်မည် ကောင်းကြပေသည်။ ထို့ကြောင့် ဘယ်သန်ဖြစ်၍ စိတ်မညစ်ကြစေချင်သလို ညာသန်ဖြစ်၍လည်း ထူးပြီးဝမ်းသာရမည်မဟုတ်ပေ။ အားသာချက်၊ အားနည်းချက်များက သူ့ဟာသူရှိပြီးဖြစ်သည်။ အဓိကကတော့ ဘယ်သန်များကို ဘယ်သန်အတိုင်း လေ့ကျင့်ပေးပြီး ညာသန်များကို ညာသန်အတိုင်း လေ့ကျင့်ပေးဖို့ပဲလိုသည်။ ဦးနှောက်ဘယ်ခြမ်းနှင့် ညာခြမ်းတို့သည် ဟန်ချက်ညီညီပေါင်းစပ်ပြီး အလုပ်လုပ်သည်။ ဘယ်သန်က ဘာ၊ ညာသန်က ဘာ ဆိုသည်မှာ အယူအဆတစ်ခုမျှသာဖြစ်ပါသည်။

### ဘယ်သန်မှ ညာသန်ပြောင်းလျှင် ဖြစ်ပေါ်နိုင်သော အကျိုးဆက်များ

ဘယ်သန်ကလေးများကို ညာသန်ကလေးများဖြစ်အောင် ဖိအားပေးလုပ်ဆောင်မည်ဆိုပါက ကလေးများ၏ စိတ်ပိုင်းဆိုင်ရာတွင် မလုံခြုံမှုများကို ခံစားရစေနိုင်ပါသည်။ အကျိုးဆက်အားဖြင့် ကလေးများသည် အိပ်ရာထဲတွင် ရှူးပေါက်ချခြင်း၊ စကားထစ်ခြင်း၊ လက်သည်းကိုက်ခြင်း၊ အရှက်အကြောက်ကြီးခြင်း၊ အာရုံစူးစိုက်မှုအားနည်းခြင်း စသည့် နောက်ဆက်တွဲပြဿနာများကို ခံစားရနိုင်ပါသည်။ ညာဘက်ကြွက်သားလှုပ်ရှားမှုကို ဦးနှောက်၏ ဘယ်ဘက်အခြမ်းက ထိန်းချုပ်ပေးသလို ဘယ်ဘက်ကြွက်သားလှုပ်ရှားမှုကို ဦးနှောက်၏ ညာဘက်အခြမ်းက ထိန်းချုပ်ပေးသောကြောင့် ကျွန်တော်တို့အနေဖြင့် ဘယ်သန်ကလေးကို ညာသန်ကလေးအဖြစ် ပြောင်းမည်ဆိုလျှင် ဦးနှောက်၏ လုပ်ဆောင်ချက်များ ကစဉ့်ကလျားဖြစ်ပြီး ယင်းကြောင့် နောင်တစ်ချိန်အထိ ဆိုးကျိုးများ ခံစားရစေနိုင်ပါသည်။

ထို့ကြောင့် ဘယ်သန်ကလေးများကို ညာသန်အဖြစ် မပြောင်းသင့်ပါ။ ဘယ်သန်၊ ညာသန်ဆိုသည့် အချက်များသည် ကလေးတစ်ယောက်၏ အနာဂတ်ကို မည်သို့မျှ အကျိုးသက်ရောက်မှု မရှိစေသောကြောင့် အတင်းအကျပ် ဖိအားပေးပြောင်းလဲခြင်း မပြုလုပ်သင့်ပေ။ ဘယ်သန်ကလေးများကို ညာသန်ပြောင်းပြီး စိတ်ဖိစီးမှုဝေဒနာတွေပေးခြင်းထက် ၎င်းကလေး၏ တိမ်မြုပ်ပျောက်ကွယ်နေသော စွမ်းရည်များကို ထုတ်ဖော်ပြီး မြေတောင်မြှောက်ပေးသင့်ပါသည်။ ဘယ်သန်လည်း ကမ္ဘာကျော်နိုင်သလို ညာသန်လည်း ကမ္ဘာကျော်နိုင်ပေသည်။ အဓိကကတော့ မိမိတို့၏ ခံယူချက်ကို ကလေးများအပေါ် မလွှမ်းမိုးစေဘဲ အားသန်ရာသန်ရာ လေ့ကျင့်ပေးခြင်းဖြင့် ထူးချွန်သူများပေါ်ပေါက်လာပြီး ကမ္ဘာလောကကြီးအပေါ် ကောင်းကျိုးပြုသူလေးများဖြစ်လာပါက မည်မျှကောင်းမည်နည်း။ ။

ကိုးကား – အင်တာနက်

**○ ဘယ်သန်များသည် ဦးနှောက်၏ညာဘက်အခြမ်း ဖွံ့ဖြိုးသည့်သူများဖြစ်ကြသည်။ ဦးနှောက်၏ ညာဘက်ခြမ်းဖွံ့ဖြိုးသည့် ကလေးများတစ်နည်းအားဖြင့် ဘယ်သန်များသည် တီထွင်ဖန်တီးမှု အားကောင်းခြင်း၊ ထိုးထွင်းသိမြင်မှု အားကောင်းခြင်း၊ ဂီတနှင့် အနုပညာဖန်တီးမှု နယ်ပယ်များတွင် ထူးချွန်ထက်မြက်ခြင်း၊ စိတ်ကူးစိတ်သန်းကောင်းခြင်းများရှိသည်။ ထို့အပြင် ၎င်းတို့သည် စိတ်ခံစားမှု အားကောင်းတတ်ကြပြီး သံယောဇဉ်လည်းကြီးကြသည်။ ရုပ်ပိုင်းဆိုင်ရာသိမှု နယ်ပယ်ပိုင်းတွင်လည်း အားကောင်းသည့်အတွက် လူတစ်ယောက်ယောက်ကို ပိုမိုမှတ်မိလေ့ရှိကြသည်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၈-၁၁-၂၀၂၂ အင်္ဂါနေ့

**MRTV**

Sports Diary

MRTV National News

Weekly MNL Review

**mrtv**

07:02 Evergreen Classic: Dhamma Settkyar (Nan Sandi)
07:11 Xylophones' Home
07:32 One of the Useful Purposes of Bamboo
07:41 Image Of The Monks
08:01 News
08:26 Fishery Products: Pickled Prawn Business
08:40 History Of Wishfulfilling Mai-Lamu Pagoda
09:01 A Special Moment with A Man of Versatility (Epi-2) Personal & Artistic Life
09:25 Listening Pleasure, Instrumental Music (Myanmar Harp) Thida Yadana
09:48 Tastes of Home Land: Sour and Spicy Crab
10:01 News
10:27 Myanmar Puppet

**MRTV News**

ECONOMIC REVIEW (LIVE)
Save Our Planet Program
MRTV National News (LIVE)

**MRTV Sports**

Sports Diary
MNL 2022 Match (Replay)
Weekly MNL Review

MRTV Application

Education Channel

# မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ တန်ဆောင်တိုင်ပွဲတော် ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၇**

တန်ဆောင်မုန်း လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သကဲ့သို့ တန်ဆောင်တိုင်ပွဲတော်သည်လည်း မြန်မာ့ယဉ်ကျေးမှုဓလေ့နှင့် မြန်မာတို့၏ စိတ်ရင်းကို ဖော်ညွှန်းပြသနေသည့် မြန်မာ့ ၁၂ လရာသီ ပွဲတော်များ အနက်အထင်ရှားဆုံးပွဲတော်တစ်ခု ဖြစ်သည်။

နေပြည်တော် (တပ်ကုန်း)ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင်လည်း တန်ဆောင်တိုင်ပွဲတော်ကို ယမန်နေ့ ညနေပိုင်းမှစတင်၍ ယနေ့ တန်ဆောင်မုန်းလပြည့်နေ့အထိ ကျင်းပရာ ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်း အတွင်းရှိ မဟာဗောဓိအောင်မြေကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်သည့် ဗုဒ္ဓရုပ်ပွားတော် (၈) ဆူနှင့် မဟာဗောဓိပင်အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝတ်ရွတ်အဖွဲ့က ပဋ္ဌာန်းဒေသနာတော်ဖြင့် ရွတ်ဖတ်ပူဇော်ပြီး ဝန်ထမ်းမိသားစုများက ဆီမီးတစ်ထောင်ဖြင့် ထွန်းညှိပူဇော်ကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ တန်ဆောင်တိုင်ပွဲတော်ကို MRTV ပန်းခြံတွင် ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့်အတူ MRTV သို့ လာရောက်လေ့လာကြသည့် တရုတ်နိုင်ငံ All China Youth Federation မှ Mr. Zhou Xiaoping ဦးဆောင်သည့် အဖွဲ့တို့သည် ထင်းမီးပုံအား စတင်ထွန်းညှိပြီး ပွဲတော်အား ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဝန်ထမ်းများနှင့် မိသားစုများ စုပေါင်း၍ မီးပုံးပျံများ လွှတ်တင်ပူဇော်မှုနှင့်အတူ မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

ပွဲတော်တွင် နိဗ္ဗာန်ဈေးလည်း ထည့်သွင်းကျင်းပရာ ဧည့်သည်တော်များနှင့် ဝန်ထမ်းများအား ကံစမ်းမဲဖောက်၍ ပေါက်မဲပစ္စည်းများ ဝေငှလှူဒါန်းခြင်း၊ (အပေါ်ပုံ) ပွဲဈေးတန်းတွင် ပျော်ရွှင်ဖွယ်ကစားနည်းများ ထည့်သွင်းကျင်းပခြင်း၊ တိုင်းရင်းသားရိုးရာ အစားအစာဆိုင်များ ဖွင့်လှစ်ရောင်းချခြင်း၊ ဝန်ထမ်းများနှင့် မိသားစုများအား မဲဇလီဖူးသုပ်နှင့် လက်ဖက်ထမင်းကို ငါးနီတူ၊ မြေပဲတို့ဖြင့် စတုဒိသာ ကျွေးမွေးခြင်းတို့ဖြင့် စီစဉ်ကျင်းပရာဧည့်သည်တော်များနှင့်အတူ ဝန်ထမ်းများနှင့် မိသားစုများ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ယင်းနောက် MRTV ခေတ်ပေါ်တီးဝိုင်း၏ တီးခတ်မှုနှင့်အတူ ဧည့်သည်တော်များနှင့် ဝန်ထမ်းများက သီဆိုဖျော်ဖြေခြင်း၊ ဆက်လက်၍ ဝန်ထမ်းများ တစ်ဦးချင်း တေးသီချင်းသီဆိုယှဉ်ပြိုင်ကြပြီး ဆုချီးမြှင့်ခြင်းတို့ဖြင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ၏ တန်ဆောင်တိုင် ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

**သတင်းစဉ်**


**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၂၇ - ၁၁ - ၂၀၂၂

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၂၅ ကျပ် | ၂၁၇၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၁၅ ကျပ် | ၂၂၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၁၀ ကျပ် | ၂၂၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၅၀ ကျပ် | ၂၄၀၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၆၀၀ | ၈၇၀၀ | ၁၄၂ | ၁၂၃၂၃၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၁၉၈၉ | ၅၇၆၈၁၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၅၅၀ | ၁၆၀၀ | ၁၀၃၈ | ၁၆၁၆၁၅၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၂၀၀ | ၄၈၀၀၀၀ |
| EFR | ၂၀၀၀ | ၂၀၀၀ | ၅ | ၁၀၀၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၃၀ | ၁၄၇၀၀၀ |
| MAEPC | ၁၇၀၀ | ၁၇၀၀ | ၅၀၅ | ၈၅၈၅၀၀ |

ညီညီ - စုစည်းသည်

# ပိုင်ဆိုင်မှုနဲ့ပတ်သက်ပြီး ခိုင်မာအားကောင်းတဲ့ တရားဝင်အထောက်အထားရှိဖို့ လိုအပ်တာမို့ မြေအကြောင်းကို လူတိုင်းသိစေလိုတဲ့စိတ်နဲ့ ဒီစာအုပ်ဖြစ်ဖို့ ကြိုးစားအားထုတ်ခဲ့တာဖြစ်ပါတယ်

**ဦးကျော်မြင့် G.A**

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၂ ခုနှစ်အတွင်း ပထမအကြိမ် ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ဆုရရှိသူများအား မြန်မာ့အလင်းမှ တွေ့ဆုံမေးမြန်းမှုများကို ဆက်လက်ဖော်ပြလိုက်ပါသည်။**



**ဘာသာရပ် – သုတပဒေသာ(ဝိဇ္ဇာ)**
**စာရေးသူ – ဦးကျော်မြင့် G.A**
**စာအုပ်အမည် – အသုံးချမြေယာနှင့်အုပ်ချုပ်ရေး**

"တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် အုပ်ချုပ်ရေးမှူးများသည် မြေယာအသုံးချမှုစီမံခန့်ခွဲရေးနဲ့ပတ်သက်ပြီး အပ်နှင်းထားတဲ့ အခွင့်အာဏာကိုကျင့်သုံးကာ ပြည်သူကို ဝန်ဆောင်မှုပြုကြရတာပါ။ မြေယာပြဿနာဟာ အလွန်များပြားခဲ့ပါတယ်။ လက်ရှိကာလမှာလည်း များပြားပါတယ်။ မြေနဲ့ လူ ရှိနေသမျှတော့ မြေပြဿနာရှိနေဦးမှာပါ။ ပြည်သူအချင်းချင်းဖြစ်တဲ့ မြေပြဿနာမှာ အခွင့်အာဏာရှိသူဝန်ထမ်း ရိုးသားမှုမရှိရင် ပြည်သူဟာ ကုစားလို့မရနိုင်လောက်အောင်ကို အလွန်ဆိုးရွားတဲ့ လူ့အခွင့်အရေးဆုံးရှုံးမှုတွေ တွေ့ရပါတယ်။ ပြည်သူနစ်နာခဲ့တဲ့ဖြစ်စဉ်တွေ၊ ပြည်သူကို ဗဟိုပြုရာမှာ ဥပဒေကို အလေးမထားတဲ့ ဖြစ်စဉ်တွေကို နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်စဉ်မှာ ကြုံတွေ့ခဲ့ရပြီး ဖြေရှင်းခဲ့ရတာတွေ ရှိပါတယ်။

၁၉၉၉ ခုနှစ် ခရိုင်အုပ်ချုပ်ရေးမှူးတာဝန် စတင်ထမ်းဆောင်ချိန်ကစပြီး အငြိမ်းစားယူပြီးရင် စာရေးပြီးမျှဝေမယ်လို့ စိတ်ကူးရှိထားခဲ့ပါတယ်။ နိုင်ငံရဲ့ အုပ်ချုပ်ရေးသမိုင်း၊ နိုင်ငံတော်ပြန်တမ်း၊ ဌာနကထုတ်ပြန်တဲ့ အမိန့်ညွှန်ကြားချက်၊ အလုပ်ရုံဆွေးနွေးပွဲနဲ့ သင်တန်းတွေကရရှိတဲ့ အချက်အလက်တွေ ပေါင်းစုပြီး စာအုပ်ကောင်းတစ်အုပ်ဖြစ်အောင် အချိန်များစွာယူပြီး ကြိုးစားအားထုတ်ခဲ့ရပါတယ်။ စာမူပြုစုတာ နှစ်နှစ်ခွဲကြာပါတယ်။ ပုံနှိပ်မူကြမ်းကို အကြိမ်ကြိမ်ပြန်စစ်ပြီး ဥပဒေအကိုးအကား အထောက်အထား မှန်မမှန် ပြန်ကြည့်ရင်း ၂၂-၂-၂၀၂၂ ရက်ရောက်မှ စာအုပ်ဖြန့်ချိပွဲ ပြုလုပ်နိုင်ခဲ့ပါတယ်။

အသုံးချ မြေယာနှင့် အုပ်ချုပ်ရေး စာအုပ်က ဆိုက်ကြီး ခန့်ချုပ် ၆၅၉ မျက်နှာရှိပါတယ်။ အကြောင်းအရာ ၁၁၄ မျိုးရှိပြီး မြေယာအကြောင်းချည်းပါပဲ၊ ဆက်စပ်အကြောင်းအရာ ဖြစ်စဉ်မှန်တွေလည်း ဖတ်ရှုပျော်အောင် ထည့်ရေးပါတယ်။ နိုင်ငံတာဝန် ထမ်းဆောင်တဲ့ နှစ် ၄၀ နီးပါးကာလအတွင်း မြေယာနဲ့ပတ်သက်ပြီး ကြုံတွေ့ရတဲ့ အဖြစ်အပျက်အမှန်ကို အခြေခံပြီး မျှဝေထားတာပါ။ အဓိကဦးတည်တာကတော့ အစိုးရကို ကိုယ်စားပြုပြီး မြေအသုံးချမှုစီမံခန့်ခွဲခြင်းဖြင့် ပြည်သူကိုဝန်ဆောင်မှုပေးနေတဲ့ အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းအားလုံး လက်စွဲအဖြစ် အသုံးပြုနိုင်ဖို့နဲ့ ဆက်နွယ်လုပ်ကိုင်နေရတဲ့ ဌာနဝန်ထမ်းများအတွက် ဖြစ်ပါတယ်။ ဒုတိယ ဦးတည်အုပ်စုကတော့ မြေရှိပြီးသူများ၊ မြေရှိအောင် အားထုတ်နေသူများ၊ မြေဝယ်လိုသူ၊ မြေရောင်းလိုသူများ ဖြစ်ပါတယ်။ ပိုင်ဆိုင်မှုနဲ့ပတ်သက်ပြီး ခိုင်မာအားကောင်းတဲ့ တရားဝင်အထောက်အထားရှိဖို့ လိုအပ်တာမို့ မြေအကြောင်းကို လူတိုင်းသိစေလိုတဲ့စိတ်နဲ့ ဒီစာအုပ်ဖြစ်ဖို့ ကြိုးစားအားထုတ်ခဲ့တာဖြစ်ပါတယ်။

ယခု သုတပဒေသာ(ဝိဇ္ဇာ) အမျိုးသားစာပေဆုရရှိတဲ့စာအုပ်ဟာ ပထမဆုံးရေးသားထုတ်ဝေတဲ့ စာအုပ်ဖြစ်ပါတယ်။ စာပေဆုရရှိလိုတဲ့ စိတ်ဆန္ဒနဲ့ ရေးသားခဲ့တဲ့ စာအုပ်မဟုတ်ပါဘူး။ ပြိုင်ပွဲဝင်ခဲ့တာလည်း မဟုတ်ပါဘူး။ တည်ဆဲဥပဒေများကို ကိုးကားပြီး Update ဖြစ်တဲ့ အချက်အလက်တွေပါဝင်ပြီး ပြည်သူကို လက်တွေ့အကျိုးပြုတဲ့စာပေဖြစ်တယ်လို့ အကဲဖြတ် စာပေပညာရှင် ဆရာကြီးများက သုံးသပ်ပြီး အမျိုးသားစာပေဆုနဲ့ ထိုက်တန်လို့ ဆုံးဖြတ်ရွေးချယ်လိုက်တာဖြစ်လို့ ဝမ်းသာပီတိဖြစ်ရတာတော့ အတိုင်းထက်အလွန်ပါပဲ။

ဆက်လက်ဆောင်ရွက်မယ့် စာပေလုပ်ငန်းများအနေနဲ့ကတော့ မြန်မာနိုင်ငံစာရေးဆရာအသင်းကိုဝင်ပြီး အသင်းကပေးတဲ့တာဝန်ကို ထမ်းဆောင်ပါမယ်။ ဒုတိယစာအုပ်ကိုလည်း ရေးသားနေပါတယ်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု လုပ်ငန်းစဉ်နဲ့ ပြည်သူကို နိစ္စဓူဝ ဝန်ဆောင်မှုပြုနေရတဲ့ အုပ်ချုပ်ရေးဆိုင်ရာဝန်ထမ်းများနဲ့စပ်ဆိုင်တဲ့ အကြောင်းအရာတွေကို ဆက်လက်မျှဝေသွားမှာဖြစ်ပါတယ်။

တစ်ဆက်တည်းမှာပဲ လူငယ်တွေကို အကြံပြုလိုတာက စာဖတ်ပါ။ အကျိုးရှိစေမယ့်စာကို ရွေးဖတ်နိုင်ရင် အကောင်းဆုံးပါပဲ။ အတွေ့အကြုံကိုယူပါ။ လုံလောက်သော အသိပညာက အခက်အခဲများကို လွယ်ကူစွာကျော်ဖြတ်နိုင်တာမို့ စာဖတ်ကြဖို့ တိုက်တွန်းပါတယ်။"

ဦးကျော်မြင့်(ဦးကျော်မြင့် G.A)အား အဖ ဦးဘဂျမ်းနှင့် အမိ ဒေါ်ကြွယ်အေးတို့မှ မိတ္ထီလာမြို့နယ် ကြာကန်ရွာ၌ ၁၉၅၇ ခုနှစ်တွင် မွေးဖွားပြီး မွေးချင်းကိုးယောက်တွင် အဌမမြောက်သားဖြစ်ကာ လက်ရှိတွင် ရန်ကုန်မြို့၌ မိသားစုနှင့်အတူ နေထိုင်လျက်ရှိသည်။



**ဘာသာရပ် – နိုင်ငံရေးစာပေဆု**
**စာရေးသူ – သက်နိုင်ဦး(ကျည်ကာ)**
**စာအုပ်အမည် – တစ်ကြောင်းတည်းသော မြန်မာနိုင်ငံထွက်ရပ်လမ်း မြေပုံကျမ်း**

"ကျွန်တော်က နိုင်ငံရေးကျွမ်းကျင်သူ ပညာရှင်မဟုတ်ပါဘူး။ အခြားသောနိုင်ငံသားများနည်းတူ တိုင်းပြည်ကို ငြိမ်းချမ်းစေလိုသူတစ်ယောက်သာဖြစ်ပါတယ်။ ဒီစိတ်ဆန္ဒစေတနာ ပြင်းပြမှုဟာ ဒီစာအုပ်လေးကို မွေးဖွားပေးလိုက်တာပါပဲ။ စာအုပ်မှာ အပိုင်းသုံးပိုင်းပါပါတယ်။ အပိုင်း(က)တွေးခေါ်သုံးသပ်မှုအပိုင်း၊ အပိုင်း(ခ) တစ်ကြောင်းတည်းသော မြန်မာနိုင်ငံထွက်ရပ်လမ်းနှင့် အပိုင်း(ဂ) ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ လိုရင်းသုံးသပ်ချက်(အကျဉ်း)နှင့်အထွေထွေ ဖြစ်ပါတယ်။

စာရေးတဲ့အလုပ်ဟာ အလွန်တာဝန်ကြီးပါတယ်။ ဒီစာအုပ်ဟာ ကျွန်တော့်ရဲ့ တစ်အုပ်တည်းသောစာအုပ်ပါ။ အခြား ရေးသားထုတ်ထားတာမရှိပါဘူး။ ဒီစာအုပ်လေး သက်ဝင်လှုပ်ရှားလာပြီး မြန်မာပြည်ငြိမ်းချမ်းရေးအတွက် လက်တွေ့ တကယ်အကျိုးဖြစ်ထွန်းစေခဲ့မယ်ဆိုရင်တော့ ကျွန်တော့်ဘဝမှာ တန်ဖိုးမဖြတ်နိုင်တဲ့ ဝမ်းသာကြည်နူးမှုကို ခံစားရမှာ အမှန်ပါပဲ။ နိုင်ငံသူနိုင်ငံသားအားလုံး၊ နိုင်ငံရေးသမားများအားလုံး၊ နိုင်ငံ့အင်အားစုများ အားလုံးဟာ ဒီစာအုပ်လေးကို တိုင်းပြည်ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် လက်တွေ့အသုံးချနိုင်ကြပါစေလို့ ဆုတောင်းတိုက်တွန်းလိုက်ရပါတယ်။"

ဦးသက်နိုင်ဦးအား အဖ ဦးထွန်းလှိုင်၊ အမိ ဒေါ်အောင်မြတ်ကြည်တို့မှ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းရွာ၌ ၁၉၇၂ ခုနှစ်တွင် မွေးဖွားပြီး ၁၉၉၀ တွင် အခြေခံပညာအထက်တန်းကျောင်း(ရွှေဂွန်း)မှ ၁၀ တန်းအောင်မြင်သည်။ ရန်ကုန်စက်မှုတက္ကသိုလ်သို့ ၁၉၉၃-၉၄ ပညာသင်နှစ်တွင် တက်ရောက်ခွင့်ရသည်။ ၂၀၀၃ တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၌ အငယ်တန်းအင်ဂျင်နီယာ(၂)မြို့ပြရာထူးဖြင့် အမြဲတမ်းဝန်ထမ်းအဖြစ် ခန့်အပ်ခံရသည်။ လက်ထောက်ညွှန်ကြားရေးမှူး(အင်ဂျင်နီယာမှူး)ရာထူး တာဝန်ထမ်းဆောင်စဉ် ရာထူးတာဝန်များကို ဆက်လက်ထမ်းဆောင်ရန် ဆန္ဒမရှိတော့သဖြင့် ၂၀၁၉ မေလတွင် နုတ်ထွက်ခဲ့သည်။ ယခုအခါ ပြင်ပ ဆောက်လုပ်ရေးအင်ဂျင်နီယာတစ်ဦးအဖြစ် လုပ်ကိုင်ပြီး ဘားအံမြို့တွင် မိသားစုနှင့် နေထိုင်လျက်ရှိသည်။






**ဘာသာရပ် – ဘာသာပြန် (သုတ)**
**စာရေးသူ – ဒေါက်တာတင်ဘုန်းကျော်**
**စာအုပ်အမည် – စူပါပါဝါပြိုင်ပွဲနှင့် AI နည်းပညာ**

"ဒီစာအုပ်ကိုရေးတော့ ၂၀၂၀ ကိုဗစ်ဖြစ်နေတဲ့အချိန်ပါ။ ကိုဗစ်ကာလမှာ အိမ်တွင်းအောင်းရင်းနဲ့ အကျိုးရှိတဲ့အလုပ်တစ်ခုတော့ ဖြစ်အောင်လုပ်မယ်ဆိုတဲ့ စိတ်ကူးလေးရခဲ့တာပါ။ အေအိုင်နည်းပညာဟာ မကြာခင် လူတွေရဲ့နေ့စဉ်ဘဝထဲကို ထဲထဲဝင်ဝင်ရောက်လာတော့မှာဖြစ်ပေမယ့် အဲဒီကာလမှာ အေအိုင်ဆိုတဲ့စကားလုံးက မြန်မာလူထုနဲ့ မရင်းနှီးသေးတဲ့ နည်းပညာလည်းဖြစ်တယ်။ ဒါကြောင့် အဲဒီကာလမှာ အေအိုင်နဲ့ပတ်သက်တဲ့စာအုပ်တွေ ဖတ်ဖြစ်ခဲ့ပါတယ်။ ဒီစာအုပ်က အေအိုင်နည်းပညာနဲ့ပတ်သက်ပြီး ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံကနေ တင်ပြထားတဲ့ စာအုပ်တစ်အုပ်ဖြစ်တယ်၊ အေအိုင်နည်းပညာသမိုင်းကြောင်းကနေစလို့ ဒီနေ့ခေတ်အထိ မလွတ်တမ်း ရေးထားတဲ့ စာအုပ်တစ်အုပ်လည်းဖြစ်တယ်။ ဒ့ါအပြင် အေအိုင်နည်းပညာကို အခြေခံကျကျနားလည်အောင် ရေးသားထားတဲ့စာအုပ်လည်းဖြစ်ပြီး အေအိုင်နည်းပညာကို စိတ်ဝင်စားတဲ့သူတိုင်း မဖြစ်မနေဖတ်သင့်တဲ့ စာအုပ်ဖြစ်တယ်လို့ယူဆတာကြောင့် ဘာသာပြန်ထုတ်ဝေဖို့ ဆုံးဖြတ်ခဲ့တာပါ။ စရေးဖြစ်တဲ့အချိန်ကစပြီး ထုတ်ဝေတဲ့အထိ နှစ်နှစ်ကျော် အချိန်ယူခဲ့ရပါတယ်။

ဒီစာအုပ်က အခန်းကြီး သုံးခန်း ပါဝင်ပြီးတော့ ပထမအခန်းက အေအိုင်နည်းပညာ ဘယ်လို စဖြစ်လာတယ်၊ ဘယ်လိုအခြေတည်ခဲ့တယ် ဆိုတာဖြစ်ပြီး ဒုတိယအခန်းကတော့ ၂၁ ရာစုရဲ့ အေအိုင်ရဲ့ အခြေခံတွေဖြစ်တဲ့ ကွန်ပျူတာနဲ့ ဒစ်ဂျစ်တယ်ပလက်ဖောင်းများ၊ သင်္ချာသဘောတရားနဲ့ အေအိုင်၊ အေအိုင်နည်းပညာအကြောင်းတွေ ပါဝင်ပြီး တတိယအခန်းကတော့ အေအိုင်နည်းပညာရဲ့ လက်ရှိနဲ့ အနာဂတ်အပေါ် လွှမ်းမိုးသက်ရောက်နိုင်မှုတွေ ပါဝင်ပါတယ်။

လက်ရှိအချိန်အထိ ကျွန်တော်ရေးခဲ့တဲ့ ဆောင်းပါး ၁၇၀ ကျော် ရှိပါပြီ။ ဒါပေမယ့် အခု အမျိုးသားစာပေဆုရခဲ့တဲ့ စာအုပ်ကတော့ မြန်မာဘာသာနဲ့ရေးထားတဲ့ ကျွန်တော့်ရဲ့ ပထမဆုံးစာအုပ်ဖြစ်ပါတယ်။ ၂၀၂၄ ထဲမှာ အတွေးအမြင်ကဏ္ဍပိုင်းနဲ့ နည်းပညာပိုင်း၊ ဘာသာရပ်ပိုင်းဆိုင်ရာ စာအုပ်တွေနဲ့ ဆောင်းပါးတွေ ဆက်လက်ထုတ်ဝေသွားဖို့ရှိပါတယ်။ ပထမဆုံးထုတ်ဝေတဲ့စာအုပ်မှာပဲ အမျိုးသားစာပေဆု ရခဲ့တာကြောင့် အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။ နောက်ထပ် စာတွေရေးသားနိုင်ဖို့လည်း ခွန်အားတွေဖြစ်စေပါတယ်။"

ဒေါက်တာတင်ဘုန်းကျော်အား အဖ ဦးစန်းဝေ၊ အမိ ဒေါ်ခင်စန်းရင်တို့က ၁၉၇၈ ခုနှစ်တွင် ရမည်းသင်းမြို့၌ ဖွားမြင်ခဲ့သည်။ ၁၉၉၅ တွင် အထက(၂)လှိုင်မှ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ပြီး ၁၉၉၆ တွင် စစ်တက္ကသိုလ် အမှတ်စဉ်(၄၁)သင်တန်းကို တက်ရောက်ကာ ၂၀၀၀ ပြည့်နှစ်တွင် သိပ္ပံဘွဲ့(စစ်တက္ကသိုလ်)ကို ရရှိခဲ့သည်။ ၂၀၀၃ တွင် ရုရှားနိုင်ငံသို့ ပညာတော်သင်စေလွှတ်ခြင်းခံခဲ့ရသည်။ ၂၀၀၇ တွင် Automation & Intelligent Control ဘာသာရပ်ဖြင့် မဟာဘွဲ့ကို ထူးချွန်အဆင့် ရရှိအောင်မြင်ခဲ့ပြီး ပါရဂူဘွဲ့ ဆက်လက်သင်ကြားခွင့်ရရှိခဲ့သည်။ ၂၀၁၀ တွင် ပါရဂူဘွဲ့ ရရှိခဲ့ပြီးနောက် ၂၀၁၅ တွင် ရုရှားနိုင်ငံ၏ အမြင့်ဆုံးဘွဲ့ဖြစ်သော Doctor of Sciences ဘွဲ့ကို မြန်မာနိုင်ငံသားများထဲမှ ပထမဆုံးရရှိသည်။ လက်ရှိတွင် တပ်မတော်၌ ပါမောက္ခ ဒုတိယဗိုလ်မှူးကြီး ရာထူးဖြင့် သင်ကြားရေးနှင့် သုတေသနလုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ ရုရှားဘာသာ၊ အင်္ဂလိပ်ဘာသာများဖြင့် ပညာရပ်ဆိုင်ရာ အထူးပြုဆောင်းပါးပေါင်း ၅၀ ကျော် ရေးသားထားပြီး ဖြစ်သည်။

**အာကာလင်း၊ ဓာတ်ပုံ – တင်စိုး**

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ရှင်ဥပဂုတ္တမထေရ်မြတ် ပူဇော်ပွဲ၊ ဆွမ်းအိုးမျှောပွဲ တက်ရောက်

မော်လမြိုင် နိုဝင်ဘာ ၂၇

**တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့) တွင် မွန်ပြည်နယ်ရှိ အထင်ကရ တန်ခိုးကြီးဘုရား၊ စေတီများတွင် ဘုရားဖူးကုသိုလ်ယူကြသူများ၊ မြို့နယ်အသီးသီးတွင် ပျော်ပွဲရွှင်ပွဲများ၊ စတုဒိသာကျွေးမွေးခြင်းများဖြင့် စည်ကားလျက်ရှိရာ နိုဝင်ဘာ ၂၇ ရက်နံနက်ပိုင်းက မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ဆိပ်ကမ်းသာတံတားတွင် ကျင်းပသည့် ရှင်ဥပဂုတ္တ မထေရ်မြတ် ပူဇော်ပွဲနှင့် ဆွမ်းအိုးမျှောပွဲသို့ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ် ဝန်ကြီးများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများသည် နံနက်အရုဏ်တက်ချိန်တွင် ရှင်ဥပဂုတ္တမထေရ်မြတ် ရုပ်ပွားတော်ကို ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီးနှင့် ရေချမ်း ကပ်လှူပူဇော်၍ ဆွမ်းအိုးများကို သံလွင်မြစ်ထဲမျှော၍ ကုသိုလ်ယူခဲ့ကြသည်။ **(ယာပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မော်လမြိုင်မြို့ ဆံတော်ရှင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီးနှင့် ရေချမ်းများ ကပ်လှူပူဇော်ခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ချောင်းဆုံမြို့နယ် ကွမ်ရိုက်ကျေးရွာ ကျိုက်တမော့လဲ့ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ စေတီတော်ရင်ပြင်တော်ပေါ်၌ ကျင်းပသည့် (၂၂) ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အလှူတော်မင်္ဂလာသို့ တက်ရောက်၍ မော်လမြိုင်မြို့ မြစေတီစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အရှင်သူမြတ်ထံမှ အနုမောဒနာတရား နာယူကြည်ညိုကြပြီး ဆရာတော် သံဃာတော်များထံ သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေသည်။



တန်ဆောင်မုန်းလပြည့်နေ့ အခါသမယတွင် မွန်ပြည်နယ်အတွင်း တန်ခိုးကြီးဘုရား၊ စေတီများဖြစ်ကြ သည့် ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီး၊ ကျိုက်သလ္လံစေတီတော်မြတ်ကြီး၊ ကျိုက္ခမီရေလယ် ဆံတော်ရှင်မြတ် အစရှိသည့် ဘုရား၊ စေတီ၊ ပုထိုးများတွင် ရပ်နီးရပ်ဝေးမှ ရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ ကုသိုလ်ဘာဝနာတရားပွားများနာယူလျက်ရှိကြပြီး မြို့ရွာအလိုက် ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်း၊ ရောင်စုံအလှမီးများ ထွန်းညှိပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းတို့ဖြင့် ပျော်ရွှင်စွာ ဆင်ယင်ကျင်းပလျက်ရှိကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“မရိုးနိုင်တဲ့ ဘဏ်ကောလာဟလ”** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ပျော်ရွှင်ဆင်နွှဲ တန်ဆောင်တိုင်ပွဲ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မွန်ပြည်နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ မော်လမြိုင်မြို့၌ကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၂၇**

၂၀၂၃- ၂၀၂၄ ပညာသင်နှစ် အခြေခံပညာ မူလတန်းနှင့် အလယ်တန်း ကျောင်းသားကျောင်းသူများ၏ မွန်ပြည်နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာ စွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာ ၂၆ ရက်က မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



စွမ်းရည်ပြိုင်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်အတွင်း ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရာတွင် မျိုးဆက်သစ်များ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မားလာစေရေးအတွက် အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြောင်း၊ စနစ်သစ် ပညာရေးသင်ရိုးညွှန်းတမ်းများ၊ သင်ကြားသင်ယူမှု နည်းစနစ်များ ပြင်ဆင်ပြောင်းလဲတိုးတက်လာသည်နှင့်အညီ ကလေးများ၏ ဘာသာရပ်ပိုင်းဆိုင်ရာ လေ့လာသင်ယူမှု အရည်အသွေး တိုးတက်မြင့်မားလာစေရန်နှင့် အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြော စွမ်းရည်များ ကျွမ်းကျင်ပိုင်နိုင်လာစေရန် ရည်ရွယ်၍ စွမ်းရည်ပြိုင်ပွဲများ ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ပညာရေးမှူး ဒေါ်နန့်စယ်လီလှိုင်က စွမ်းရည်ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသူ ကျောင်းသားလေးများ၏ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့သည်။ (ဝဲပုံ)

**စည်သူ(ပြန်/ဆက်)**

## မြောင်းမြမြို့၌ ထွန်းညွန့်ရတနာ အကြိုတော်ဆိပ် တံတားဖွင့်လှစ်

**မြောင်းမြ နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ဒေသဖွံ့ဖြိုးတိုးတက်စေရန်နှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရန် ရည်ရွယ်၍ အမှတ်(၄) ရပ်ကွက် အောင်ဆန်းလမ်းကမ်းနားတွင် ဆောက်လုပ်ခဲ့သော ထွန်းညွန့်ရတနာ အကြိုတော်ဆိပ်တံတားကို နိုဝင်ဘာ ၂၆ ရက်က ဖွင့်လှစ်သည်။

တံတားဖွင့်ပွဲတွင် ဇေယျမေဒနီစာသင်တိုက်၏ ဦးစီးပဓာန နာယက နိုင်ငံတော် သံဃမဟာနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘန္ဒန္တစန္ဒဝရထံမှ သီလခံယူဆောက်တည်ကြပြီး မြောင်းမြခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက တံတားနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထားတင်ပြသည်။ ထို့နောက် ဆရာတော်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အလှူရှင် ဦးသန့်ဇင်၊ ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာအေးကိုနိုင်နှင့် ရွှေနိုင်ငံ အရှေ့အာရှအများနှင့်ဆိုင်သောကုမ္ပဏီ ဒုဥက္ကဋ္ဌ ဦးမင်းစိန်တို့က တံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

အဆိုပါ ထွန်းညွန့်ရတနာအကြိုတော်ဆိပ်တံတားသည် အရှည်ပေ ၆၀၊ အကျယ် ၁၂ ပေရှိ သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး အလှူရှင်၏လှူဒါန်းမှု တန်ဖိုးကျပ်သိန်း ၅၀၀ ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**ဝေဝေ(မြောင်းမြ)**

## သရက်ချောင်းမြို့နယ်၌ မိုးစပါး စံကွက်ရိတ်သိမ်းမှုမှ စပါးအစို ၁၁၄ တင်းကျော်နှုန်းထွက်ရှိ

**သရက်ချောင်း နိုဝင်ဘာ ၂၇**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ပန်းတောရပ်ကွက် ကွင်းအမှတ် (၃၇၆ BN)၊ ဦးပိုင်(၃၆)၊ ဧရိယာ ၂ ဒသမ ၅ ဧကရှိ တောင်သူဦးစိန်တင်၏ ရေမင်းစပါး ပေါင်ပျိုးခြောက်ပေပတ်လည် စံပြစိုက်ကွက်၌ စံကွက်ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၂၆ ရက်က ဆောင်ရွက်သည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ သရက်ချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်မင်းနှင့် ဝန်ထမ်းများ၊ မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးသန်းထွဋ်အောင်နှင့် ဝန်ထမ်းများ၊ မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြတ်ထွေးသွယ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ တောင်သူများ လာရောက်ကြည့်ရှု လေ့လာခဲ့ကြသည်။

အဆိုပါ စံကွက်ရိတ်သိမ်းမှုအရ ရေမင်းစပါး တစ်ဧကလျှင် စပါးအစို ၁၁၄ ဒသမ ၅၇ တင်းနှုန်း ထွက်ရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

သရက်ချောင်းမြို့နယ်အတွင်း၌ ယခုနှစ်မိုးစပါးစိုက်ရာသီတွင် မိုးစပါး စိုက်ဧကပေါင်း ၂၆၀၁၉ ဧက စိုက်ပျိုးထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိထံမှ သိရသည်။



**နန်းခလိုက်(သရက်ချောင်း)**

# တန်ဆောင်မုန်းလပြည့်နေ့တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ မသိုးသင်္ကန်းနှင့် အကြိမ်(၂၀)မြောက် စုပေါင်းမဟာဘုံကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်း

**ဘားအံ နိုဝင်ဘာ ၂၇**
ကရင်ပြည်နယ် ဘားအံမြို့ ကျက်သရေဆောင် သေဋ္ဌမာရ်အောင်ဘုရားကြီး၌ ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၅ နာရီခန့်က အဆိုပါဘုရားကြီး ဂန္ဓကဋိတိုက် ပရိဝုဏ်အတွင်း၌ ဆင်ယင်ကျင်းပသည်။



အဆိုပါ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရေး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့် သက်မွေးပညာသင်တန်းကျောင်းမှ သင်တန်းသူလေးများက နိုဝင်ဘာ ၂၆ ရက် ညနေ ၄ နာရီခွဲခန့်မှစ၍ ရက်ကန်းစင်နှစ်စင်ဖြင့် သင်္ကန်းများကို ရက်လုပ်ပူဇော်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြသည်။

မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဇနီးတို့က သေဋ္ဌမာရ်အောင် ဘုရားကြီးအား ပန်း၊ ရေချမ်း၊ သစ်သီးဆွမ်း၊ ဆီမီးတို့ကို ကပ်လှူပူဇော်ပြီး အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးမင်းသူကျော်နှင့် ဇနီးတို့က သေဋ္ဌမာရ်အောင် ဘုရားကြီးဩဝါဒါစရိယဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ နောင်လုံဌာန်ပတိုင်ကျောင်းနှင့်ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိစ္ဆာနန္ဒ အမှူးပြုသော ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်များက မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းနိုင်ရေး ပြည်နယ် သံဃနာယကအဖွဲ့(မူလဒွါရ)အမိတာရာမရဲကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂုဏလင်္ကာရက ဗုဒ္ဓဿဒေမ စသောဂါထာကို ရွတ်ဆိုပေးပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်များ ဂေါပကအဖွဲ့နှင့် ဥပသကာ တာဝန်ရှိသူများက သေဋ္ဌမာရ်အောင်ဘုရားကြီးအား မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းရာ (ဝဲပုံ) ဩဝါဒါစရိယဆရာတော်ကြီးများက ဇယန္တောဗောဓိရအောင်ဂါထာကို ရွတ်ဖတ်ပူဇော်ပေးကြသည်။

ဆက်လက်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော အကြိမ်(၂၀)မြောက် စုပေါင်းမဟာဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နံနက် ၉ နာရီခွဲတွင် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ တက်ရောက်၍ ကထိန်လျာသင်္ကန်း နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

စုပေါင်းမဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသို့ နိုင်ငံတော်ဩဝါဒါစရိယ နောင်လုံဌာန်ပတိုင်ကျောင်းနှင့် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း(ကျောင်းအုပ်) ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တဝိစ္ဆာနန္ဒ အမှူးပြုသော ထေရ်ကြီးဝါကြီး ဆရာတော်ကြီး ၁၁ ပါး ကြွရောက်ချီးမြှင့်တော်မူကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



ရခိုင်ပြည်နယ် ဂွမြို့ နန္ဒရုံသီကင်းရုံး ဘုန်းတော်ကြီးကျောင်းတွင် နိုဝင်ဘာ ၂၇ ရက် တန်ဆောင်မုန်း လပြည့်ညနေ၌ (၆၈) ကြိမ်မြောက် မဟာဘုံကထိန် အထိမ်းအမှတ်အဖြစ် မီးပုံးအလုံး ၃၀ တစ်ပြိုင်နက် လွှတ်တင်စဉ်။ (လပြည့်ကျော် ၁ ရက်တွင်လည်း ထိုသို့ မီးပုံး လွှတ်တင်ပွဲကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။)

ရွှေရည်ဝင်းကျော်



ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရား၌ နိုဝင်ဘာ ၂၇ ရက်(တန်ဆောင်မုန်းလပြည့်) ည ၆ နာရီ ၁၂ မိနစ်က ဆီမီးအလင်းတိုင် ၉၉၉၉ တိုင် ထွန်းညှိပူဇော်စဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)

## တန်ဆောင်မုန်းလပြည့်နေ့တွင် မုဒုံမြို့နယ်အတွင်းရှိ ဘုရားစေတီများ၌ ဘုရားဖူးလာပြည်သူများဖြင့်စည်ကား

**မုဒုံ နိုဝင်ဘာ ၂၇**
တန်ဆောင်မုန်း လပြည့်နေ့(သာမညဖလအခါတော်နေ့)တွင် မွန်ပြည်နယ် မုဒုံမြို့နယ်အတွင်းရှိ တန်ခိုးကြီး ဘုရားများတွင် ဒေသခံပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

မြန်မာ့ရိုးရာ ၁၂ လရာသီပွဲတော်များအနက် တန်ဆောင်မုန်းလသည် ထူးခြားသည့် လတစ်လဖြစ်သည့်အားလျော်စွာ မြို့နယ်အတွင်း၌ မီးထွန်းပွဲများ၊ ကထိန်သင်္ကန်း အလှူပွဲများ၊ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲများနှင့် သာမညဖလအခါတော်နေ့ ပွဲတော်တို့ကို ကျင်းပကြကြောင်း၊ မြို့နယ်အတွင်းရှိ အတောင် ၄၀၀ ပြည့် လျောင်းတော်မူဘုရားကြီး၊ ခပ်ရခပ်ယူထိုင်တော်မူဘုရားကြီး၊ ကန်ကြီးစေတီတော်၊ ကန်ကလေးစေတီတော်၊ ကျိုက်ဇယ် စေတီတော် စသည့်ဘုရားပုထိုးစေတီတော်များတွင် ဘုရားဖူးလာပြည်သူများက စေတီတော်ရင်ပြင် ဂြိုဟ်တိုင်များရှိ ဗုဒ္ဓရုပ်ပွားတော်တို့တွင် ရေသပ္ပါယ်ခြင်း၊ ပန်း၊ ဆီမီး၊အမွှေးနံ့သာများ ကပ်လှူခြင်းတို့ဖြင့် လာရောက်ကုသိုလ်ယူကြသည့်အပြင် ကန်ကြီး မင်္ဂလာ ကန်တော်ကန်ပတ်လမ်းတစ်လျှောက် လာရောက်အပန်းဖြေသူများ၊ ငါးအစာကျွေးသူများနှင့် စတုဒိသာကျွေးမွေးညှော်ခံခြင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

**သားငယ် (ပြန်/ဆက်)**



## အိမ်မဲမြို့တည် သမိုင်းဝင်ရှင်ပင်ချမ်းသာကြီးဘုရား၌ တန်ဆောင်မုန်းလပြည့်နေ့တွင် ဆေးပေါင်းခပွဲ၊ နိဗ္ဗာန်ဈေးပွဲ၊ စတုဒိသာကျွေးမွေးပွဲများပြုလုပ်

**အိမ်မဲ နိုဝင်ဘာ ၂၇**
ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ချောင်းဝရပ်ကွက်တွင် တည်ထားကိုးကွယ်သော အိမ်မဲမြို့တည် သမိုင်းဝင် ရှင်ပင်ချမ်းသာကြီးဘုရား၌ တန်ဆောင်မုန်းလပြည့်နေ့ ညနေပိုင်းမှစတင်ကာ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဘုရားဖူးလာပြည်သူများက မြတ်စွာဘုရားရှင်အားရည်မှန်း၍ ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာတိုင်များ ကပ်လှူခြင်း၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ နှင့် ရွှေသင်္ကန်းများကို ကပ်လှူပူဇော်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

တန်ဆောင်မုန်းလပြည့်နေ့ ညနေ ၆ နာရီ ၅ မိနစ်တွင်လည်း သစ္စာဓိဋ္ဌာန် နယ်လှည့်သာသနာပြုအကျော် (ဧရာဝတီတိုင်းဒေသကြီး) သစ္စာရှင်လူမှုကယ်ဆယ်ရေးအဖွဲ့ (နာယက)ဘဒ္ဒန္တဝိလာသ ဆရာတော်ကြီး၏ တန်ဆောင်မုန်းလပြည့်နေ့ဆေးပေါင်းခပွဲ (သစ္စာ၊ မေတ္တာ၊ စေတနာ၊ ဆေးအလှူတော်ပွဲ)၊ နိဗ္ဗာန်ဈေးပွဲ၊ စတုဒိသာကျွေးမွေးပွဲများကို ရှင်ပင်ချမ်းသာဘုရားကြီးရှေ့ ကရဝိက်ဖောင်တော်ရင်ပြင်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါဆေးပေါင်းခပွဲ၊ နိဗ္ဗာန်ဈေးပွဲနှင့်စတုဒိသာကျွေးမွေးပွဲများကို တကောဆရာတော်ဘုရားကြီး၏ ဩဝါဒခံယူ၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ကြီးကြပ်မှုဖြင့် တာဝန်ရှိသူများက ဆောင်ရွက်ခဲ့သည်မှာ ငါးကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။ **ချစ်သက်လယ်(အိမ်မဲ)**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၂၇**
ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ တီးတိန်မြို့တွင် ၇ ဒီဂရီစင်တီဂရိတ်နှင့် ကျောက်မဲမြို့၊ လွိုင်လင်မြို့၊ တွန်းဇံမြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၂ ဒသမ ၀၄ လက်မဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံပေါင်း ၁၃ နိုင်ငံ ယှဉ်ပြိုင်သည့် Global Firefighters and Paramedics Challenge (SGFPC) 2023 ပြိုင်ပွဲ၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က နိုင်ငံပေါင်းစုံ အဖွဲ့လိုက်အသက်ကယ်စွမ်းရည်ပြပြိုင်ပွဲတွင် ပထမဆုနှင့် တစ်ဦးချင်းစွမ်းရည်ပြိုင်ပွဲ၌ တတိယဆုဆွတ်ခူး၍ နိုင်ငံဂုဏ်ကိုမြှင့်တင်စွမ်းဆောင်နိုင်ခဲ့

**ရန်ကုန် နိုဝင်ဘာ ၂၇**

စင်ကာပူနိုင်ငံမြို့ပြကာကွယ်ရေးတပ်ဖွဲ့(Singapore Civil Defence Force – SCDF)က နိုဝင်ဘာ ၂၀ရက်မှ ၂၅ ရက်အထိ ကျင်းပပြုလုပ်ခဲ့ပြီး အိမ်ရှင်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံမှ အသင်း ၁၆ သင်း ယှဉ်ပြိုင်ခဲ့သော နိုင်ငံတကာအဆင့် မီးသတ်စွမ်းရည်ပြိုင်ပွဲ Singapore – Global Firefighters and Paramedics Challenge (SGFPC) 2023 မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ နိုင်ငံပေါင်းစုံအဖွဲ့လိုက် အသက်ကယ် စွမ်းရည်ပြပြိုင်ပွဲတွင် ပထမချန်ပီယံဆုနှင့် တစ်ဦးချင်း စွမ်းရည်ပြိုင်ပွဲ၌ တတိယဆုကို ရရှိခဲ့၍ နိုင်ငံဂုဏ်ကို မြှင့်တင်စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် တစ်ဦးချင်းစွမ်းရည်ပြိုင်ပွဲ၌ နိုင်ငံတကာမီးသတ်တပ်ဖွဲ့ဝင် ၂၆ ဦး ယှဉ်ပြိုင်ခဲ့ရာ နောက်ဆုံးဆန်ခါတင်လေးဦးတွင် မြန်မာနိုင်ငံမှ တစ်ဦး ပါဝင်ခဲ့ပြီး နိုဝင်ဘာ ၂၅ ရက် နောက်ဆုံးပြိုင်ပွဲ၌ ဩစတြေးလျ၊ စင်ကာပူ၊ မြန်မာနှင့် မလေးရှားနိုင်ငံတို့မှ မီးသတ်တပ်ဖွဲ့ဝင်လေးဦးတို့ ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ မီးသတ်တပ်ကြပ်ကြီး ထွန်းနေဝင်းက တစ်ဦးချင်းစွမ်းရည် တတိယဆုကို ဆွတ်ခူးရရှိခဲ့သည်**(ယာပုံ)**။ ထို့ပြင် နိုင်ငံပေါင်း ၁၃နိုင်ငံမှတစ်ဖွဲ့လျှင်အဖွဲ့ဝင် ၁၂ ဦးဖြင့် လေးဖွဲ့ခွဲ၍ အသက်ကယ်စွမ်းရည် ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ မီးသတ်တပ်ဖွဲ့ဝင် သုံးဦးဖြစ်သည့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းမြတ်နောင်၊ လက်ထောက်ဦးစီးမှူး ကျော်နိုင်ထွန်းနှင့် တပ်ကြပ်ကြီး ထွန်းနေဝင်းတို့ ပါဝင်သော "Charlie Group" နိုင်ငံတကာမီးသတ်အဖွဲ့သည် ပထမဆုကို ဆွတ်ခူးရရှိခဲ့သည်။ **(အောက်ပုံ)**

ယခုပြိုင်ပွဲများသည် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၏ ၇၇ နှစ်တာ ကာလတွင် ပြည်ပသို့ ပထမဆုံးအကြိမ်အဖြစ် သွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ပထမဆုံးအတွေ့အကြုံရရှိခဲ့သော ပြိုင်ပွဲတစ်ခုလည်းဖြစ်ကြောင်း သိရသည်။





ပြည်ပနိုင်ငံများမှ ဖိတ်ခေါ်ပြိုင်ပွဲများသို့ ပါဝင်တက်ရောက်ခြင်းဖြင့် မီးဘေးနှင့် သဘာဝဘေးအန္တရာယ် အပါအဝင် အခြားရုတ်တရက်ဖြစ်ပွားသော အန္တရာယ်များတွင် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတကာမှ မီးသတ်တပ်ဖွဲ့များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်တို့အကြား အသိပညာဗဟုသုတများနှင့် ကျွမ်းကျင်မှုများ ဖလှယ်နိုင်ခြင်း၊ ဖွံ့ဖြိုးပြီးနိုင်ငံများတွင် အသုံးပြုလျက်ရှိသော မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ လုပ်ငန်းသုံး ခေတ်မီပစ္စည်းကိရိယာများကို လေ့လာနိုင်ခြင်း၊ ဒေသတွင်း မီးဘေးလုံခြုံရေးနှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးတက်ခိုင်မာလာစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိစေမည့်အပြင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးလုပ်ငန်းများတွင်လည်း အထောက်အကူရရှိစေမည်ဖြစ်ကြောင်း သိရသည်။

စင်ကာပူနိုင်ငံ မြို့ပြကာကွယ်ရေးတပ်ဖွဲ့(Singapore Civil Defence Force – SCDF)က ဦးဆောင်ကျင်းပသည့် Singapore – Global Firefighters and Paramedics Challenge (SGFPC) 2023 ပြိုင်ပွဲတွင် ဘရူနိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ တရုတ် – ဟောင်ကောင်၊ မြန်မာ၊ ဩစတြေးလျ၊ မကာအို၊ လူဇင်ဘတ်၊ ဗီယက်နမ်၊ အီကွေဒေါနှင့် ယူကေနိုင်ငံတို့မှ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး နိုင်ငံပေါင်း ၁၇ နိုင်ငံ တက်ရောက်ခဲ့ကာ မြန်မာနိုင်ငံကိုယ်စားပြု ယှဉ်ပြိုင်ခဲ့သည့် မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ည ၁၀ နာရီ ၃၈ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ရာ မီးသတ်ဦးစီးဌာနနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဌာနချုပ်မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

**ညိမ်းသူ(သတင်းစဉ်)၊ ဓာတ်ပုံ – ကနူး**

## နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၂၇**

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထား ဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ နိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တရုတ်နိုင်ငံသား အမျိုးသား ၄၆၆ ဦး၊ အမျိုးသမီး ၈၇ ဦး စုစုပေါင်း ၅၅၃ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်း ပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂၇ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၈၃၁၂ ဦး၊ အမျိုးသမီး ၈၈၂ ဦး စုစုပေါင်း ၉၁၉၄ ဦး တို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၆ ရက် ည ၈ နာရီ ၄၅ မိနစ်တွင် ဗန်းမော်မြို့ ရွှေပြည်သာကွက်သစ်ရပ်ကွက် မြို့ရှောင်လမ်းတွင် အောင်မျိုးမင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကိုလည်းကောင်း၊ ထို့ပြင် ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် တောင်ဥက္ကလာပမြို့နယ် (၁၄)ရပ်ကွက် သံသုမာလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ ဝင်းနိုင်နှင့် အေးမောင်တို့ကို စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် နမ့်စန်မြို့ အမှတ်(၁)ရပ်ကွက်ရှိ ကျော်လင်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘီးလင်းမြို့နယ် ဝင်းက နယ်မြေရဲစခန်းနှင့် တောင်စွန်းအကျဉ်းဦးစီးစခန်းတို့မှ ဝန်ထမ်းများ တိုက်ခိုက်ခံရမည်ကို စိုးရိမ်သဖြင့် စခန်းအားစွန့်ခွာမှု ပြုလုပ်ဟု ကောလာဟလ သတင်းများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဘီးလင်းမြို့နယ် ဝင်းက နယ်မြေရဲစခန်းနှင့် တောင်စွန်း အကျဉ်းဦးစီးဌာနမှ အကျဉ်းသားများ အပါအဝင် ဝန်ထမ်းများသည် အကြမ်းဖက်သောင်းကျန်းသူများက တိုက်ခိုက်လာမည်ကို စိုးရိမ်သဖြင့် စခန်းအား စွန့်ခွာ၍ တိမ်းရှောင်သွားပြီဖြစ်ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက် စာမျက်နှာများပေါ်တွင် ကောလာဟလသတင်းများ လုပ်ကြံဖြန့်ဝေလျက် ရှိသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တာဝန်ရှိသူများ၏ ပြောကြားချက်အရ **"ဘီးလင်းမြို့နယ်ရှိ မည်သည့် ရဲစခန်းနှင့် အကျဉ်းဦးစီးဌာနတို့မှ စခန်းအား စွန့်ခွာတိမ်းရှောင်မှုများ မရှိကြောင်းနှင့် သတင်းအမှားသာဖြစ်ကြောင်း"** သိရှိရသည်။

နိုင်ငံ့တာဝန်များကို ဦးလည်မသုန်ကျေပွန်စွာထမ်းရွက်နေကြသည့် နိုင်ငံ့ဝန်ထမ်းများနှင့် အေးချမ်းစွာ လုပ်ကိုင်၊ နေထိုင်လိုကြသည့် ဒေသခံတိုင်းရင်းသား ပြည်သူများအား အကြမ်းဖက်မှုလုပ်ရပ်များကို အားပေးလှုံ့ဆော်နေသည့် တရားမဝင် ပြည်ဖျက်မီဒီယာများမှ ထိုသို့ စိုးရိမ်ထိတ်လန့်ဖွယ်ရာ ကောလာဟလသတင်းများ ရေးသားဖြန့်ဝေခြင်းသာဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**အိမ်ပြင်ပ၌ ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# စလေမြို့မှ Jumjel အမှတ်တံဆိပ် တစ်ပိုင်တစ်နိုင် စီးပွားဖြစ် ဆီး၊ မန်ကျည်းဖျော်ရည်လုပ်ငန်း

မျိုးမောင်မောင်ကျော်၊ လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)



ဆီးသီးကောက်နေကြသည့် အညာဒေသမှ ကလေးငယ်များ။

နိုင်ငံတော်အနေဖြင့် နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများ၏ ကုန်ထုတ်လုပ်ခြင်းများ တိုးတက်အောင် အားပေးမြှင့်တင်ဆောင်ရွက်မှုနှင့်အတူ ပြည်တွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဒေသအသီးသီးတွင် ဒေသတစ်ခု ထုတ်ကုန်တစ်ခု အစီအစဉ်ဖြင့် ကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီးအတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်နေသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းအရေအတွက် ၁၁၉၀ အနက် ချောက်မြို့နယ် စလေမြို့ရှိ Jumjel အမှတ်တံဆိပ် ဆီးဖျော်ရည်၊ မန်ကျည်းဖျော်ရည်လုပ်ငန်းသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

### သက်တမ်း ၂၈ နှစ် ရှိပြီ

Jumjel အမှတ်တံဆိပ် ဆီးဖျော်ရည်၊ မန်ကျည်းဖျော်ရည်လုပ်ငန်းကို ၁၉၉၅ ခုနှစ်က စတင်ပြီး သက်တမ်း ၂၈ နှစ်ရှိပြီဖြစ်ကာ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် အိုးမကွာ အိမ်မကွာ မိသားစုဝင်ငွေတိုးလုပ်ငန်းအဖြစ် ဆောင်ရွက်လုပ်ကိုင် နိုင်ရန် ရည်ရွယ်ပြီး ဆီးဖျော်ရည်၊ မန်ကျည်းဖျော်ရည်လုပ်ငန်းကို လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။



ဆီးဖျော်ရည်၊ မန်ကျည်းဖျော်ရည် ပြုလုပ်ရန်အတွက် စလေဒေသက ထွက်ရှိသည့် ဆီးသီးကုန်ကြမ်းကို ဝယ်ယူအသုံးပြုသည့်အပြင် ကျောက်ပန်းတောင်း၊ ပုပ္ပားဒေသ ပတ်ဝန်းကျင်မှ ထွက်ရှိသည့် ဆီးသီး၊ မန်ကျည်းသီးများကိုလည်း ဝယ်ယူ အသုံးပြုလျက်ရှိသည်။ ဖျော်ရည်ပြုလုပ်ရာ၌ ဝယ်ယူအသုံးပြုသည့် ဆီးသီး၊ မန်ကျည်းသီးများကို အရည်အသွေးမကောင်းသည့် အသီးများ မပါဝင်အောင် အမျိုးသမီးများကို ငှားရမ်း၍ စနစ်တကျသန့်စင်ပြီး အရည်အသွေးကောင်းမွန်သော ဆီးသီး၊ မန်ကျည်းသီးများကို ဖျော်ရည်အဖြစ် ထုတ်လုပ်ကာ အရည်အသွေးညံ့ ဆီးသီးများကို ချောက်မြို့နယ် ဆင်ကရွာရှိ ဆီးခွဲစက်တွင် ဆီးခွဲခြမ်းအဖြစ် ကြိတ်ခွဲပြီး စက်ရုံ၌ လောင်စာအဖြစ် အသုံးပြုကြောင်း၊ ဆီးဆန်များကို ဝင်ငွေပြန်လည်ရရှိရေးအတွက် တရုတ်နိုင်ငံကို တင်ပို့ရောင်းချနေရကြောင်း သိရသည်။

### သဘာဝစစ်စစ် အရသာ

သန့်စင်ပြီး ဆီးသီး၊ မန်ကျည်းသီးများကို ဖျော်ရည်ပြုလုပ်ရာ၌ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) ၏ လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ စီမံထုတ်လုပ်ခြင်းဖြစ်ကြောင်းနှင့် ဖျော်ရည်စက်ရုံမှ ထုတ်လုပ်ရရှိသော ဆီးဖျော်ရည်၊ မန်ကျည်းဖျော်ရည်များကိုလည်း စားသုံးသူပြည်သူများ ကျန်းမာရေး ဘေးထွက်ဆိုးကျိုးမဖြစ်အောင် ဓာတုပစ္စည်းများကို တစ်ခုမျှ အသုံးပြုဆောင်ရွက်ခြင်းမရှိဘဲ ဆီးသီး၊ မန်ကျည်းသီးများ၏ သဘာဝစစ်စစ် အရသာအတိုင်း ထုတ်လုပ်ထားခြင်းကြောင့် လူကြိုက်များကာ မြန်မာပြည်အနှံ့ တင်ပို့ရောင်းချရသည့်အပြင် ပြည်ပနိုင်ငံများဖြစ်သည့် အမေရိကန်၊ ထိုင်း၊ စင်ကာပူ၊ ကိုရီးယား စသည့်နိုင်ငံများသို့ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း လုပ်ငန်းရှင် မသက်စုဌေးက ရှင်းပြသည်။

### ပြည်ပဈေးကွက်အထိ ဖြန့်ဖြူး

ဆီးဖျော်ရည်၊ မန်ကျည်းဖျော်ရည်များကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာ၌ ဖျော်ရည်တစ်ဘူးလျှင် လက်လီဈေးနှုန်း ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ရောင်းချနေရပြီး မြန်မာပြည့်အနှံ့ အမြို့မြို့အနယ်နယ်ရှိ ဈေးဆိုင်များနှင့် Super Market များအထိ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း၊ ယခင်ကတည်းက ဆီးဖျော်ရည်၊ မန်ကျည်းဖျော်ရည်များကို ပြည်ပနိုင်ငံများအထိ ဈေးကွက်ဖြန့်ဖြူးသွားနိုင်ရေး အမေရိကန်၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများ၌ ကျင်းပသည့် နိုင်ငံတကာကုန်စည်ပြပွဲများသို့ သွားရောက်ပြသရောင်းချခြင်းများ ဆောင်ရွက်ခဲ့ကြောင်းနှင့် လာမည့် ၂၀၂၄ ခုနှစ်တွင်လည်း အဆိုပါ ပြည်ပနိုင်ငံများ၌ ကျင်းပမည့် နိုင်ငံတကာကုန်စည်ပြပွဲများသို့ သွားရောက်၍ အခြားသော ပြည်ပနိုင်ငံများကို ဖြန့်ဖြူးရောင်းချနိုင်ရေး မိတ်ဆက်ပြသနိုင်ရန် စီစဉ်ထားရှိကြောင်း လုပ်ငန်းရှင်က ရှင်းပြသည်။

### လိုအပ်သည်များကို ပံ့ပိုးကူညီ

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တိုင်းဒေသကြီးအတွင်း ကုန်ထုတ်လုပ်မှုစွမ်းအား တိုးတက်မြင့်မားလာစေရန်နှင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားစေရန်အတွက် တစ်ပိုင်တစ်နိုင် စီးပွားဖြစ်ဆောင်ရွက်လုပ်ကိုင်နေသည့် အသေးစား၊ အလတ်စား၊ အငယ်စား စီးပွားရေး(MSME)လုပ်ငန်းရှင်များအား လုပ်ငန်းမှတ်ပုံတင်များ ခွင့်ပြုထုတ်ပေးခြင်းအပြင် အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်များ ပိုမိုထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးအတွက် ချေးငွေများ ထုတ်ချေးပေးသည့်လုပ်ငန်းများ ပုံမှန်လည်ပတ်လုပ်ကိုင်နိုင်အောင် ပံ့ပိုးကူညီပေးခြင်း၊ နည်းပညာနှင့် အထောက်အကူပြုပစ္စည်းများ ပံ့ပိုးကူညီပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းတို့ကို ကူညီဖြည့်ဆည်းပေးလျက်ရှိသည်။ ထို့အပြင် သက်ဆိုင်ရာဌာနများမှလည်း အသေးစား၊ အလတ်စား၊ အငယ်စား စီးပွားရေး(MSME)လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသဖြင့် ဒေသတွင်းရှိ တစ်ပိုင်တစ်နိုင် စီးပွားဖြစ်ဆောင်ရွက်လုပ်ကိုင်နေသော လုပ်ငန်းများအတွက် များစွာ အထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**ဆီးဖျော်ရည်၊ မန်ကျည်းဖျော်ရည်များကို ထုတ်လုပ် ဖြန့်ဖြူးရောင်းချရာ၌ ဖျော်ရည်တစ်ဘူးလျှင် လက်လီ ဈေးနှုန်း ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ရောင်းချနေရပြီး မြန်မာပြည့်အနှံ့ အမြို့မြို့ အနယ်နယ်ရှိ ဈေးဆိုင်များနှင့် Super Market များအထိ ဖြန့်ဖြူးရောင်းချလျက်ရှိ**

### ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးရေး

သို့ဖြစ်ရာ ချောက်မြို့နယ် စလေမြို့၌ တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းဖြစ်သည့် Jumjel အမှတ်တံဆိပ် ဆီးဖျော်ရည်၊ မန်ကျည်းဖျော်ရည်များကို ဒေသထွက် ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ ခေတ်မီနည်းပညာဖြင့် ပေါင်းစပ်ကာ အရည်အသွေး ကောင်းမွန်သော စားသောက်ကုန် ပစ္စည်းအမယ်တစ်မျိုးအဖြစ် ထုတ်လုပ်ကာ ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခုအဖြစ် ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများအထိပါ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေရ၍ ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက်ပါ အထောက်အပံ့ကောင်းများ ရရှိလာစေမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။







စလေမြို့ထွက် ဆီး၊ မန်ကျည်းဖျော်ရည်ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို တွေ့ရစဉ်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ကမ်းရိုးတန်းဒေသတို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပြီး ပြန်လည်ရောက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၂၇**

တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများနှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာတို့ရှိ ဒေသခံပြည်သူများအား နိုဝင်ဘာ ၂ ရက်မှ ၂၅ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၃)ရေတပ်ဆိပ်ခံတံတား(သီလဝါ) သို့ ပြန်လည်ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။ **(ယာပုံ)**

**ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ခဲ့**

အဆိုပါ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)မှ အထူးကုဆေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်ရှိ ကျုံကူးကျေးရွာ၊ ချောင်းဝရွာ၊ တောင်ကလေးကျေးရွာ၊ လပွတ္တာမြို့နယ်ရှိ တူးမြောင်းကျေးရွာ၊ ဟိုင်းကြီးကျွန်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ပုသိမ်ခရိုင်၊ ချောင်းသာမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ရခိုင်ကမ်းရိုးတန်းဒေသများဖြစ်သော တောင်ကုတ်ခရိုင် မာန်အောင်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ သံတွဲမြို့၊ မောင်ရွှေလေးကျေးရွာ၊ ကွင်းဝိုင်းကျေးရွာနှင့် အနီးတစ်ဝိုက်ဒေသများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆောင်ရွက်ပေးမှုအနေဖြင့် ဆေးကုသမှုဆိုင်ရာရောဂါ ၅၂၁၉ ဦး၊ ခွဲစိတ်ရောဂါ ၁၀၁၆ ဦး၊ သားဖွား/မီးယပ် ရောဂါ ၆၅၆ ဦး၊ ကလေးရောဂါ ၈၀၉ ဦး၊ အရိုးရောဂါ ၁၉၄၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၉၄၁ ဦး၊ မျက်စိရောဂါ ၃၁၇၁ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၁၃၃၄ ဦး စုစုပေါင်းဒေသခံပြည်သူ ၁၅၀၉၃ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် မျက်စိခွဲစိတ်လူနာ ၁၂၆ ဦးနှင့် အထွေထွေခွဲစိတ်လူနာ ၁၉၇ ဦးတို့ကို ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၂၉၆ ဦး၊ အာထရာဆောင်းရိုက်လူနာ ၇၈၆ ဦး၊ ဓာတ်ခွဲစမ်းသပ်လူနာ ၈၀၆ ဦးနှင့် ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၃၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံလွှဲပြောင်းကုသရန် လိုအပ်သူ ၆၈ ဦးကိုလည်း သက်ဆိုင်ရာမြို့နယ်များရှိ တပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ကာ ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်သုံးဦးအား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

**ဂုဏ်ပြုလက်ဆောင်ပစ္စည်းများပေးအပ်**

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)ဖြင့် ပြန်လည်ရောက်ရှိလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့ဝင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ဂုဏ်ပြုပေးအပ်ချီးမြှင့်သောလက်ဆောင်ပစ္စည်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဗိုလ်ချုပ်ထိန်ဝင်းက ပေးအပ်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင် ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၁၇)ကြိမ်မြောက်ဖြစ်ပြီး ဒေသခံပြည်သူစုစုပေါင်း ၁၅၇၀၈၇ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ဆေးရုံရေယာဉ်ပေါ်ရှိ သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၂၁ ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၂၇**

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန် အတွက် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် လေးအိမ်စုကျေးရွာဆိပ်ကမ်းသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့သည် မအူပင်မြို့နယ်၊ လေးအိမ်စုကျေးရွာရှိ စတုဘုမ္မိကမဟာသတိပဋ္ဌာန်ကျောင်းတိုက်၌ အခြေပြု၍ မအူပင်မြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၆၈၀ အား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့် အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၁၇၀၊ ခွဲစိတ်ရောဂါ ၂၆ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၃ ဦး၊ ကလေးရောဂါ ၄၇ ဦး၊ အရိုးရောဂါ ၁၃၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၁၉ ဦး၊ မျက်စိရောဂါ ၂၁၂ ဦးနှင့် သွားရောဂါ ၆၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ လေးဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၃၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၀ တို့ကို ရောဂါရှာဖွေ စမ်းသပ်ခွဲစိတ် ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သူ တစ်ဦးကို နီးစပ်ရာတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ လာရောက်ဆေးကုသမှုခံယူကြသော ဒေသခံပြည်သူများအား နေ့လယ်စာ ထမင်းဘူးများ ပေးဝေလှူဒါန်းသည်။

ထိုသို့ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုကြားသိခဲ့ရသည်။

**ဒေါ်နော်အဲလစ်**

ဒူးတွေ၊ ခြေသလုံး၊ ခြေဖဝါးတွေ ကျဉ်ပြီးတော့ ကိုက်တာ၊ ပြီးတော့ ကျွန်မလမ်းလျှောက်လို့ သိပ်အဆင်မပြေဘူး။ လမ်းလျှောက်လို့ အဆင်မပြေတာ ကျွန်မ ခဏခဏဖြစ်တယ်။ ဒီလိုပဲ ဆေးလေးသောက်ပြီး လာတာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂၀ ရက်နေ့လောက်က တစ်ခေါက်ပြလိုက်တယ်။ ပြပြီးတော့ ဒီလိုပဲကိုက်နေတယ်ဆိုပြီးတော့ ကျွန်မ မပြဘဲနေနေတာ။ အဲဒါ ကျွန်မတို့ရဲ့



ကလေးတွေ ဘုရားရှိခိုးပြီး ပြန်မယ်လုပ်တော့ ကူးတို့ကူးခါနီးမှာ နယ်လှည့်ဆေးကုသအဖွဲ့ လာတယ်ဆိုပြီး သိရပါတယ်။ အဲဒါနဲ့ အမိုးက နင်ဒီလောက်ဖြစ်နေတာ သွားပြလိုက်ပါဆိုတော့ ကျွန်မလည်း ထွက်တာဖြစ်ပါတယ်။ အခုလို လာရောက်ကုသပေးတဲ့အတွက် ကျွန်မဝမ်းလည်း သာပါတယ်။ တောရွာတွေဆိုတော့ တော်ရုံတန်ရုံ မသွားနိုင်တဲ့သူတွေလည်း အဆင်ပြေတယ်။ ဒီမှာ ပရဟိတလာကုပေးတဲ့ အတွက်လည်း ကျွန်မတို့က လာပြဖြစ်တယ်။ ဆေးရုံဆေးခန်းရှိလည်း တော်ရုံတန်ရုံဆို မသွားကြ၊ မလာကြတဲ့သူတွေလည်းရှိတယ်။ ကုသပေးတဲ့ နယ်လှည့်ဆေးကုသရေးအဖွဲ့ကို အများကြီး ကျေးဇူးတင်ပါတယ်။ လူထုကျန်းမာရေးအတွက် ဝိုင်းဝန်းစောင့်ရှောက်ပေးတဲ့အတွက်လည်း တပ်မတော်ကြီးနှင့်တကွ ဆရာဝန်များ၊ ဆရာ၊ ဆရာမများနဲ့ ပရဟိတအဖွဲ့များကိုလည်း အထူးပဲ ကျေးဇူးတင်တယ်ဆိုတဲ့အကြောင်း ပြောလိုပါတယ်။

**သတင်းစဉ်**

# (၅) ကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးတွင် သွေးသစ်ဝင်းလှိုင်က ယျှူးခလိန်းမင်းကို အလဲထိုးအနိုင်ယူ

**ရန်ကုန် နိုဝင်ဘာ ၂၇**

(၅) ကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး TGL#5 (The Great Lethwei) ပြိုင်ပွဲကြီးကို နိုဝင်ဘာ ၂၇ ရက် ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရေကူးစတူဒီယို၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲ၌ ၇၅-၇၉ ကီလို (စူပါမစ်ဒယ်ဝိတ်တန်း) ပြိုင်ပွဲတွင် ပထမတန်းချန်ပီယံ သွေးသစ်ဝင်းလှိုင်နှင့် စိန်ခေါ်သူ ယျှူးခလိန်းမင်းတို့ ပြိုင်ပွဲတွင် သွေးသစ်ဝင်းလှိုင် ဘယ်ထောက်လက်သီးကြောင့် ယျှူးခလိန်းမင်း အရှိက်တည့်တည့်ကို ထိမိကာ ယျှူးခလိန်းမင်း အနားတောင်းခဲ့ရသည်။ ပထမအချီမှာပင် သွေးသစ်ဝင်းလှိုင် အားပါးသည့် ခြေကန်ချက်၊ ဘယ်ညာလက်သီးတွဲလုံးများကြောင့် ပထမအချီ ၂ မိနစ် ၃၄ စက္ကန့်တွင် ယျှူးခလိန်းမင်း အမှတ်စဉ် ရေတွက်ခံရပြီး ပြန်မထနိုင်သည့်အတွက် သွေးသစ်ဝင်းလှိုင် အနိုင်ရရှိသွားသည်။

သွေးသစ်ဝင်းလှိုင် သည် ပြီးခဲ့သည့် TGL 3 တွင် ထွန်းထွန်းမင်းနှင့် ယှဉ်ပြိုင်ထိုးသတ်ရာ ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ၆၃ ဒသမ ၅-၆၇ ကီလို (ဝယ်လ်တာဝိတ်တန်း)၌ စောဂျွန်နှင့် မြလုံးချောတို့ ပြိုင်ပွဲတွင် စောဂျွန် လက်သီးကြောင့် မြလုံးချောကို ပထမအချီတွင် အလဲထိုးနိုင်ခဲ့ကာ စောဂျွန် အနိုင်ရရှိသွားသည်။ ၆၀-၆၃ ဒသမ ၅၇ ကီလိုတန်း၌ မင်းထက်ကျော်နှင့် စီတိုးပြိုင်ပွဲတွင် လက်ရည်မမျှ၍ ဒိုင်ပွဲရပ်ဖြင့် စီတိုးအနိုင်ရရှိသွားသည်။ ၆၃ ဒသမ ၅-၆၇ ကီလို (ဝယ်လ်တာ ဝိတ်တန်း)၌ စိုးမိုးဇော်က အဖိုးသွေးကို ဒုတိယအချီတွင် အလဲထိုးအနိုင်ယူခဲ့သည်။

၅၄-၅၇ ကီလို (ဖယ်သာဝိတ်တန်း)၌ စောကဲဒိုနှင့် ဒေါင်းသတ္တိပြိုင်ပွဲတွင် လေးချီယှဉ်ပြိုင်ခဲ့ပြီး အနိုင်အရှုံး မပေါ်ဘဲ အမှတ်ဖြင့်ဆုံးဖြတ်ရာ အမှတ်ပေးဒိုင် သုံးဦးလုံးက စောကဲဒိုကို အနိုင်ပေးခဲ့သည်။ ၅၁-၅၄ ကီလို (ဘင်တန်ဝိတ်တန်း)၌ ဆလိုင်းထန်ခွီးရှိန်နှင့် ကျောက်ရိုင်းပြိုင်ပွဲ၌ ဆလိုင်းထန်ခွီးရှိန် ခြေကန်၊ လက်သီးများကြောင့် ကျောက်ရိုင်း တတိယအချီတွင် ဆက်လက်မယှဉ်နိုင်ကာ အရှုံးပေးလိုက်ရသည်။

၅၁-၅၄ ကီလို (ဘင်တန်ဝိတ်တန်း)၌ ရဲကျော်ဦးနှင့် ဖွဲထက်အောင်တို့ ပြိုင်ပွဲတွင် ဖွဲထက်အောင်က ရဲကျော်ဦးကို ဒုတိယအချီတွင် အလဲထိုး အနိုင်ရရှိသွားသည်။ ၆၀-၆၃ ဒသမ ၅ ကီလို (လိုက်ဝယ်လ်တာ ဝိတ်တန်း)၌ အောင်ကိုလတ်နှင့် ရိန်ကြွယ်နေဘ်တို့ ပြိုင်ပွဲတွင် အချီပြည့် သွားသော်လည်း ဒိုင်အဆုံးအဖြတ်အမှတ်ဖြင့် အောင်ကိုလတ်ကို အနိုင်ပေးလိုက်သည်။

**အာကာစိုး**



သွေးသစ်ဝင်းလှိုင် ဘယ်ကန်ချက်ကို ယျှူးခလိန်းမင်း ကာကွယ်စဉ်။

၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့

International Day of Persons with Disabilities (2023)

"စဉ်ဆက်မပြတ်ဖွံ့ဖြိုးဖို့ မသန်စွမ်းသူများနှင့်အတူ ကူညီဆောင်ရွက်စို့"

"United in action to rescue and achieve the SDGs for, with and by persons with disabilities"

၃.၁၂.၂၀၂၃ နေပြည်တော်

# စပိန်လာလီဂါပွဲစဉ် (၁၄) တွင် ကာဒစ်ကို ဂိုးပြတ်အနိုင်ယူပြီး အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည့် ရီးရဲမက်ဒရစ်

စပိန်လာလီဂါပွဲစဉ် (၁၄) မှ နိုဝင်ဘာ ၂၇ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ကာဒစ်နှင့် ရီးရဲမက်ဒရစ် အသင်းပွဲစဉ်တွင် ရီးရဲမက်ဒရစ်အသင်းက တိုက်စစ်ခြေစွမ်းပြကာ သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။

အဆိုပါ ပွဲစဉ်တွင် အင်္ဂလန်ကွင်းလယ်ကစားသမားဘယ်လင်ဂမ်သည် သွင်းဂိုးတစ်ဂိုး ရယူနိုင်ခဲ့သည့်အတွက် ယခုနှစ်ရာသီတွင် သွင်းဂိုး ၁၄ ဂိုးအထိ ရှိလာပြီဖြစ်သည်။ ထို့အပြင် ၎င်းသည် ၁၅ ပွဲ ကစားပြီးချိန်တွင် အခြားသော ရီးရဲမက်ဒရစ် ကစားသမားများထက် သွင်းဂိုးပိုမိုသွင်းယူထားနိုင်သည့် မှတ်တမ်းလည်း ပိုင်ဆိုင်ခဲ့သည်။

၎င်းသည် နွေရာသီတွင် ဒေါ့မွန်အသင်းမှ ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ ရောက်ရှိလာပြီးနောက် အသင်းအတွက် လာလီဂါ ၁၂ ပွဲတွင် ၁၁ ဂိုးနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သုံးဂိုး သွင်းယူထားနိုင်ခြင်း ဖြစ်သည်။ ရီးရဲမက်ဒရစ် အသင်းအတွက် သွင်းဂိုးများကို ဘရာဇီးတိုက်စစ်ကစားသမား ရိုဒရီဂိုနှင့် ဘယ်လင်ဂမ်တို့က သွင်းယူနိုင်ခဲ့ခြင်း ဖြစ်သည်။



ရီးရဲမက်ဒရစ် အသင်းသည် ယခုပွဲ အနိုင်ရရှိခဲ့သည့်အတွက် ၁၄ ပွဲကစားပြီး ၁၁ ပွဲနိုင်၊ နှစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်နှင့်အတူ ဒုတိယနေရာမှ ဂျီရိုနာအသင်းထက် တစ်ပွဲပိုကစားပြီး တစ်မှတ်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။ ပြိုင်ဘက် ကာဒစ်အသင်းသည် ယခုပွဲ ရှုံးနိမ့်မှုကြောင့် လာလီဂါတွင် ရှုံးပွဲ ခုနစ်ပွဲအထိ ရှိလာပြီဖြစ်သည်။

အခြားသော ပွဲစဉ်ဖြစ်သည့် ရီးရဲဘက်တစ်က လပ်စ်ပဲမတ်စ်အသင်း ပွဲစဉ်တွင် ဘက်တစ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

# MNL ပြိုင်ပွဲတွင် ဒဂုံစတားနှင့် ရှေ့ဝတီယူနိုက်တက်အသင်း အမှတ်ပြည့်ရရှိ

**ရန်ကုန် နိုဝင်ဘာ ၂၇**

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၀) နောက်ဆုံးနေ့ကို နိုဝင်ဘာ ၂၇ ရက်က ဆက်လက်ကျင်းပရာ ရှေ့ဝတီနှင့် ဒဂုံစတားအသင်း နိုင်ပွဲရရှိခဲ့သည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ဒဂုံစတားအသင်းက မြဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဒဂုံစတားအသင်းသည် ယခုပွဲအနိုင်ရခဲ့သဖြင့် အဆင့် ၅ နေရာအထိ တက်လှမ်းနိုင်ခဲ့ပြီး ထိပ်ဆုံးငါးသင်းစာရင်းဝင်ရန် မျှော်လင့်ချက်ရှိခဲ့သည်။ ပွဲစဉ် ၁၉ အပြီး ရမှတ်တူရရှိထားသည့်နှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး မြဝတီအသင်းသည် ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့်ဂိုးကြောင့် အရေးနိမ့်ခဲ့ခြင်း ဖြစ်သည်။

ဒဂုံစတားအသင်းသည် သိန်းသန်းဝင်း၊ မောင်မောင်ဝင်း၊ ဝေလင်းအောင်၊ ငြိမ်းချမ်း၊ ဇင်ညီညီအောင် (ဂိုး)၊ ဆွမ်လမန်၊ သက်ပိုင်စိုးတို့ဖြင့် ပွဲထွက်လာပြီး မြဝတီအသင်းမှာမူ ထွန်းနန္ဒဦး (ဂိုး)၊ ဝေယံဦး၊ သက်ဝေမိုးတို့ဖြင့် ပွဲထွက်ခဲ့သည်။ ခြေစွမ်းမကွာသည့် နှစ်သင်းတွေ့ဆုံသောကြောင့် ပွဲမှာ အပြန်အလှန်ရှိခဲ့ပြီး ဒဂုံစတားအသင်းအတွက် အနိုင်ဂိုးကို ၈၅ မိနစ်တွင် စစ်မုန်းက သွင်းယူသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အနိုင်ဂိုးသွင်းယူခဲ့သည့် ဒဂုံစတားအသင်းမှ စစ်မုန်းက ရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ရှေ့ဝတီယူနိုက်တက်အသင်းက ကချင်ယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ၅၃ မိနစ်တွင် ကိုကိုက ကချင်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ၆၂ မိနစ်တွင် ရှေ့ဝတီအသင်း ချေပဂိုးပြန်ရခဲ့ပြီး အောင်မင်းသူက သွင်းယူခဲ့သည်။ ရှေ့ဝတီအသင်းအတွက် အနိုင်ဂိုးများကို မိနစ် ၉၀ တွင် ပြည့်စုံလင်းက သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှေ့ဝတီအသင်း ကွင်းလယ်ကစားသမား အောင်သီဟက ရရှိသည်။

ပွဲစဉ် (၂၀) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၅၃ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး ရန်ကုန်အသင်းက ၄၇ မှတ်၊ ဟံသာဝတီအသင်းက ၃၄ မှတ်၊ အား/ကာသိပ္ပံအသင်းက ၂၆ မှတ်၊ ဒဂုံစတားအသင်းက ၂၅ မှတ်၊ မဟာယူနိုက်တက်အသင်းက ၂၄ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၂၃ မှတ်၊ ရှေ့ဝတီအသင်းနှင့် မြဝတီအသင်းက ၂၂ မှတ်စီ၊ ရတနာပုံအသင်းက ၂၀ မှတ်၊ GFA အသင်းက ၁၂ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ၁၀ မှတ် ရရှိထားသည်။

**သတင်း-ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**



❒ *ကျောဖုံးမှ*

ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် လက်ရှိချန်ပီယံ VUC အသင်းက M-Millions အသင်းကို ကိုးဂိုး-တစ်ဂိုး၊ Generations အသင်းက MIU အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ VUC အသင်းသည် ခြေအသာဖြင့် ဂိုးပြတ်နိုင်ပွဲရယူကာ ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့ပြီး အနိုင်ဂိုးများကို ခြောက်မိနစ်တွင် နိုင်လင်းထွန်းကျော်၊ ၈၊ ၃၁ မိနစ်တွင် ထွန်းအောင်ကျော်၊ ၁၂ မိနစ်တွင် ဝေဇင်ဦး၊ ၂၈ မိနစ်တွင် ထွဋ်ဝေထွန်း၊ ၂၅၊ ၂၉ မိနစ်တွင် ကောင်းထက်ဇော်၊ ၃၅ မိနစ်တွင် အောင်ဇင်ဦးနှင့် ၃၉ မိနစ်တွင် မျိုးမြင့်စိုးတို့က သွင်းယူခဲ့သည်။ M-Millions အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၃၁ မိနစ်တွင် ဖိုးလပြည့်က သွင်းယူခဲ့သည်။ နာမည်ကြီး MIU အသင်းမှာမူ Generations အသင်းကို မထင်မှတ်ဘဲ အရေးနိမ့်ခဲ့ပြီး ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့သည်။ Generations အသင်းသည် နှစ်ကြိမ်တိုင် နောက်မှလိုက်ကစားကာ MIU အသင်းကို အနိုင်ကစားခဲ့ခြင်းဖြစ်သည်။ MIU အသင်းအတွက် ဦးဆောင်ဂိုးများကို ပွဲအစနှစ်မိနစ်တွင် Generations အသင်းမှ အောင်ဘုန်းမြတ် ကိုယ့်ဂိုးကိုယ်သွင်းမိရာမှ ဂိုးစတင်ရရှိခဲ့ပြီး ၃၁ မိနစ်တွင် ကိုရန္ဒက ဒုတိယဂိုးသွင်းယူခဲ့သည်။ Generations အသင်းအတွက် ချေပဂိုးများကို ၃၁ မိနစ်တွင် ထက်မြတ်နိုင်၊ ၃၄ မိနစ်တွင် ဇော်ဖြိုးဦးတို့က သွင်းယူကာ အနိုင်ဂိုးကိုမူ ၃၆ မိနစ်တွင် ဇော်ဖြိုးဦးက သွင်းယူခဲ့သည်။

နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် တတိယနေရာလုပွဲအဖြစ် MIU အသင်းနှင့် M-Millions အသင်း၊ ညနေ ၃ နာရီတွင် ဗိုလ်လုပွဲအဖြစ် လက်ရှိချန်ပီယံ VUC အသင်းနှင့် Generations အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF**

# ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ

## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားလုံး အလယ်တန်းဆင့်(Grade 9)ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ခရိုင်(၅၀) ခရိုင်ရှိ အခြေခံပညာအထက်တန်းကျောင်း(၅၁)ကျောင်းတွင် ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ခရိုင်(၃၄) ခရိုင်၌ စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးအတတ်ပညာများ တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်း(၃၄)ကျောင်း ထပ်မံဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် အဆိုပါအခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။

**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့်(Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများ သိရှိနိုင်စေရန် (၁) အခြေခံပညာအထက်တန်းဆင့် (၂) စက်မှုနည်းပညာ (၃) စိုက်ပျိုးရေးအတတ်ပညာ (၄) မွေးမြူရေးအတတ်ပညာစသည့် ပညာရေးလမ်းသွယ်(၄)မျိုး ရွေးချယ်သင်ယူနိုင်မည့်အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။




**(၁) အခြေခံပညာအထက်တန်းဆင့်**

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာ အထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့်သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

**(၂) စက်မှုနည်းပညာ**

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်း အစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည် ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့် ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့်အခွင့်အလမ်းများမှာ အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ် (၆)နှစ်တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ် (၄)နှစ် တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၃)နှစ် တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့ လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများ ဆောင်ရွက်ရာတွင် လည်းကောင်း များစွာအထောက်အကူ ရရှိစေမည်ဖြစ်ပါသည်။

**(၃) စိုက်ပျိုးရေးအတတ်ပညာ**

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာ ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/ လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့်သင်ရိုးညွှန်းတမ်းများ အသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင်(Credit)ဖြင့်အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science)(၅) နှစ် သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ(Qualified)ဖြင့်အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ် (Diploma in Agriculture) (၃)နှစ် သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma – Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ်သင်တန်း၏ တတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ တတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ တတိယနှစ် (ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သောအခန်းကဏ္ဍများတွင်လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည်ဖြစ်ပါသည်။

**(၄) မွေးမြူရေး အတတ်ပညာ**

